## သတင်းလွှာ

- ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်း
- သတင်းအတို
- ပညာရှိအဆိုအမိန့်
- ဟာသ
- ဗေဒင်
- အားကစား
- အနုပညာ

အတွဲ(၄)၊အမှတ်(၂၄)။

၂၀၁၀ ခုနှစ်၊မေလ(၂၈)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## အနာဂတ်အာဆီယံ လွတ်လပ်ကုန်သွယ်ရေးကို ပြည်တွင်းလုပ်ငန်းရှင်များ စိတ်ဝင်စားမှုအားနည်းနေဟုဆို

လက်ရှိစီးပွားရေးလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်နေကြသည့်အတွက် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် အာဆီယံနိုင်ငံများတွင် လွတ်လပ်သော ကုန်သွယ်ရေးကို ပြည်တွင်းမှ လုပ်ငန်းရှင်များ စိတ်ဝင်စားမှုအားနည်းနေကြသေးသည်ဟု ကုန်သည်/စက်မှုအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက ပြောသည်။ " AFTA နဲ့ပတ်သက်ပြီး ဒီက လုပ်ငန်းရှင်တွေက စိတ်ဝင်စားမှုရှိသလို မဝင်စားသူတွေလည်း ရှိတယ်။ အဲဒီမှာ စိတ်မဝင်စားသူတွေက ပိုများမယ် " ဟု အထက်ပါ ပုဂ္ဂိုလ်က ဆိုသည်။ ထိုသို့ ပြည်တွင်းမှ လုပ်ငန်းရှင်များ အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးကိစ္စများပေါ် စိတ်ဝင်စားမှုနည်းသည့်တိုင် သက်ဆိုင်ရာ တာဝန်ရှိသူများကအာဆီယံနိုင်ငံများ၏ ဒေသတွင်း လုပ်ဆောင်ချက်သတင်းများကို ပြည်သူများကြား အစဉ်ဖော်ပြလျက်ရှိရာ ယင်းအကြောင်းအရာများအား အခွင့်အရေးတစ်ရပ်အဖြစ်အကျိုးရှိရှိအသုံးချမည်ဖြစ်သလို ပြည်တွင်းမှလုပ်ငန်းချင်းယှဉ်ပြိုင်မှုကိုလည်း ယခုထက် ၃ဆ ပိုမိုပြုလုပ်ရမည် ဖြစ်ကြောင်း ၎င်းက ထပ်ဆင့်ပြောသည်။ " ရှေ့မှာဖြစ်လာမည့် ယှဉ်ပြိုင်မှုတွေကို ရင်ဆိုင်ဖို့ အခုကတည်းက ရတဲ့အခွင့်အရေးကိုယူပြီး အဆင်သင့်ဖြစ်ထားဖို့လိုတယ်။ ဒါကို သက်ဆိုင်ရာရော ကုန်သည်တွေပါ အကုန်ပူးပေါင်းပြီးလုပ်ရမယ်။ အဲလိုမှ မလုပ်ရင် သူတို့နဲ့ ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ကိုယ့်ဈေးကွက်တွေ လက်လွှတ်ဆုံးရှုံးရမယ့် နစ်နာမှုမျိုးတွေ ဖြစ်လာနိုင်တယ် " ဟု ဒေါက်တာမောင်မောင်လေးက ဆက်လက်ပြောကြားကြောင်း ၂၀၁၀ခုနှစ် မေလ ၂၀ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရေနံကုမ္ပဏီအချို့ အထွက်တိုးလုပ်ငန်း ဦးစားပေးလာ

ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတဲ့ ရေနံကုမ္ပဏီအချို့သည်နှစ်ပိုင်းမှာ အထွက်တိုးလုပ်ငန်းဖြစ်တဲ့ ရှာဖွေရေး၊ တွင်းသစ်တူးဖော်ရေးတွေဘက်ကို ဦးစားပေးလာကြတာ တွေ့ရတယ်။ အထွက်တိုးလုပ်ငန်းဦးစားပေးလာတဲ့ ရေနံကုမ္ပဏီတွေဆီက တစ်ဆင့်ခံကန်ထရိုက် (sub-con-tract) ယူပြီး လုပ်ကိုင်တဲ့ကုမ္ပဏီအချို့အလုပ်ဖြစ်လာတယ်။ အဲသည့်ကန်ထရိုက်ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ထားတဲ့ ဝန်ထမ်းတွေလည်း အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာတယ်။ ကန်ထရိုက်ကုမ္ပဏီက များသောအားဖြင့် ရေနံရှာဖွေရေး (seismic - survey) အပိုင်းကို လုပ်ကြပါတယ်။ မင်းဘူး၊ မကွေးဘက်က ကျေးရွာအချို့ စိုက်ခင်းအချို့မှာ ကုမ္ပဏီတစ်ခုက ရေနံရှာဖွေရေးလုပ်ငန်းကြောင့် ပျက်စီးဆုံးရှုံးမှုကို လျော်ကြေးပေးအပ်တဲ့သတင်း ကြေးမုံသတင်းစာမှာ ဖော်ပြတယ်။ ရေနံကုမ္ပဏီအချို့ အခုလို ရေနံရှာဖွေရေး၊ တွင်းသစ်တူးဖော်ရေးလုပ်ငန်းတွေ ဦးစားပေးလာတာတွေဟာ ကျဆင်းလာတဲ့ ကုန်ထုတ်လုပ်မှုကို ပြန်လည်ကာမိအောင်၊ ထုတ်လုပ်မှု ထိန်းသိမ်းထားရေးအတွက် ဖြစ်တယ်လို့ဆိုပါတယ်။ လက်ရှိမှာ ရေနံရှာဖွေရေးအပြင် အစမ်းတွင်း (test well) တူးဖို့ပြင်ဆင်နေတဲ့ကုမ္ပဏီတွေလည်း ရှိကြောင်းသိရသည်။ ကုန်းတွင်းပိုင်းရော ကမ်းလွန်မှာပါ တူးကြမှာ ဖြစ်ပါတယ်။ ရခိုင်ကမ်းလွန်လုပ်ကွက် A-6 မှာအစမ်းတွင်းတူးဖို့ ပြင်ဆင်နေတာ ရှိသလို  မလေးရှား ကုမ္ပဏီတစ်ခုက မုတ္တမကမ်းလွန်လုပ်ကွက် M-2 မှာ အစမ်းတွင်းတူးမယ်လို့ သိရတယ်။ ရွှေဘို၊ မုံရွာဘက်က လုပ်ကွက် C-2 မှာလည်း အစမ်းတွင်းတူးဖို့ ပြင်ဆင်နေပြီး ကချင်ပြည်နယ် တနိုင်းလုပ်ကွက် B-1 မှာအစမ်းတွင်းလုပ်ငန်း စနေပြီလို့ ဆိုပါတယ်။ ကမ်းလွန်လုပ်ကွက် ရဲတံခွန်အရှေ့မှာလည်း ရေနံရှာဖွေရေးလုပ်ငန်းဆောင်ရွက်ပြီးသွားပြီးအစမ်းတွင်းတူးဖို့သာကျန်တယ်လို့ သိရတယ်။ ပြည်တွင်းမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတဲ့ အစောပိုင်းကျတဲ့ ရေနံကုမ္ပဏီအချို့ကတော့ ထုတ်လုပ်မှုလုပ်ငန်းစဉ်တွေကို ပုံမှန်ဆက်လုပ်နေကြတာပါ။ လက်ရှိပြည်တွင်းမှာ လုပ်ကိုင်နေတဲ့ ရေနံကုမ္ပဏီတွေက ကမ်းလွန်(offshore) မှာ ၁၂ ခု ဝန်းကျင်ရှိပြီး ကုန်းတွင်းပိုင်းမှာ သုံး၊ လေးခု လောက်ရှိကြောင်း ၂၀၁၀ခုနှစ်  မေလ ၂၁ ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အလုပ်ရှင် အလုပ်သမား သဘောတူစာချုပ် မူကြမ်းပြင်ဆင်ပြီး

ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီတွေမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်(နမူနာ) တစ်ခု မေလအတွင်း ထွက်ပေါ်လာကြောင်း ကုန်သည်စက်မှုလုပ်ငန်းရှင်အချို့ဆီက သိရပါတယ်။ သည်စာချုပ်နမူနာကို ကုန်သည်လုပ်ငန်းရှင်တွေနဲ့ ဆိုင်ရာတို့ ပူးပေါင်းညှိနှိုင်းပြီး နဂိုရှိပြီးသား စာချုပ်မှာမူကြမ်းပြင်ဆင်ထားတာလို့ဆိုပါတယ်။ ပို့ကုန်အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက" ဒါက အသစ်ထွက်ပေါ်လာတာတော့ မဟုတ်ပါဘူး။ ဟိုတုန်းက ရှိပြီးသားကို new version သဘောပါ၊ အခုလဲ အဲဒီစာချုပ်အတိုင်း လုပ်နေကြတာတွေရှိသလို မလုပ်သေးတဲ့သူလဲ ရှိချင်ရှိမှာပေါ့ " လို့ တယ်လီဖုန်းနဲ့ ပြောတယ်။ ၂၀၁၀ ခုနှစ်၊ မေလအတွင်း  ထွက်ပေါ်လာတဲ့  အလုပ်ခန့်ထားမှုဆိုင်ရာ  သဘောတူညီချက်စာချုပ် (နမူနာ) မှာ အကြောင်းအရာ ၁၈ ရပ်ကို မာတိကာနဲ့ အစဉ်အလိုက် ဖော်ပြထားတယ်။ အလုပ်အကိုင်အမျိုးအစားမှာ ရာထူးအဆင့် ခွဲခြားချုပ်ဆိုရမှာဖြစ်တယ်။ လုပ်ခလစာ မှာနေ့စား၊ ပုတ်ပြတ်၊ လစားအမျိုးအစားအလိုက် ပါဝင်ပြီး လုပ်ခထုတ်ပေးမယ့်ရက်ကို ဖော်ပြဖို့လည်း ပါဝင်တာ တွေ့ရတယ်။ လုပ်ခလစာတွေကို ပြက္ခဒိန် တစ်လကုန်ဆုံးပြီးတဲ့ နေ့ကစလို့ နောက်လဆန်း ၅ ရက်နေ့ထက်နောက်မကျစေဘဲ ထုတ်ပေးဖို့ ၊ အဲသည့်နေ့ဟာအလုပ်ပိတ်ရက်ဖြစ်နေရင် အဲသည့်နေ့မတိုင်ခင်ထုတ်ပေးဖို့စတဲ့သဘောတူညီချက်ပါရှိတယ်။ စာချုပ်သက်တမ်းမှာ အစမ်းခန့်ကာလ ဘယ်ရွေ့ ဘယ်မျှ၊ စာချုပ်ကာလ ဘယ်နနှစ်၊ သက်တမ်းတိုးကာလ ဘယ်နနှစ် စတာတွေပါဝင်ပြီး အလုပ်ရှင်နဲ့ အလုပ်သမားနှစ်ဖက်သဘောတူညီချက်အရစာချုပ်သက်တမ်းတိုးနိုင်တယ်လို့ ဆိုပါတယ်။ သာမန်အလုပ်ချိန်ကို တစ်ရက်မှာ ရှစ်နာရီလို့ ဥပဒေအရ သတ်မှတ်ထားပါတယ်။အဆိုင်းစနစ်နဲ့ဆိုရင်တစ်ရက်တစ်ပတ်ကို ခြောက်ရက်သတ်မှတ်ပါတယ်။ နားရက်၊ အလုပ်ပိတ်ရက်နဲ့ ခွင့်တွေမှာ အလုပ်ပိတ်ရက်နဲ့ ခွင့်ရက်တို့က တည်ဆဲဥပဒေအရ သတ်မှတ်ချက်အတိုင်း ဖြစ်ရပါမယ်။  အလုပ်သမားကို  လုပ်ခလစာနဲ့  တစ်ပတ်မှာ တစ်ရက်နားရက်ပေးရမှာပါ။ ခွင့်အမျိုးအစား လေးမျိုးတွေ့ရပါတယ်။ အရေးပေါ် ရှောင်တခင်ခွင့်ကို တစ်နှစ်မှာ ခြောက်ရက်လုပ်ခပြည့်နဲ့ ပေးရပါမယ်။ လုပ်သက် ၁၂လ တစ်ဆက်တည်းပြည့်ပြီး လစဉ်အလုပ်လုပ်ရက် အနည်းဆုံး၂၀ ရက်ရှိလျှင် လုပ်သက်ခွင့် ၁၀ ရက်ပျမ်းမျှခံစားခွင့် ရှိရမှာပါ။ လုပ်ခအပြည့်နဲ့ ဖြစ်ပါတယ်။ ဆေးလက်မှတ်ခွင့်က တစ်နှစ်ကို ရက် ၃၀ ခံစားခွင့်(လုပ်ခဖြင့်)ပြုရပါမယ်။ မီးဖွားခွင့်မှာ လူမှုဖူလုံရေးအက်ဥပဒေနဲ့ အကျုံးဝင်သူဆိုရင် လူမှုဖူလုံရေးအက်ဥပဒေနဲ့ အညီခံစားခွင့်ရှိပါတယ်။ အဲသည်လိုအကျုံးမဝင်သူဆိုရင်မီးမဖွားမီရက်သတ္တပတ်ခြောက်ပတ်နဲ့ မီးဖွားပြီးခြောက်ပတ်ကို လစာပြည့်နဲ့ ခွင့်ခံစားစေရမယ်လို့ တွေ့ရတယ်။ အချိန်ပိုလုပ်ကိုင်တာ၊ အလုပ်ချိန်မှာ အစားအသောက်၊မုန့်ဖိုးစီစဉ်မှု၊ နေရာထိုင်ခင်းကိစ္စ၊ ဆေးဝါးကုသကိစ္စ၊ အလုပ်ခွင်ကြိုပို့၊ ခရီးစရိတ်ကိစ္စ၊ ခရီးဝေးသွားလာတဲ့ကိစ္စတွေမှာ အလုပ်ရှင်၊အလုပ်သမားညှိနှိုင်းသဘောတူချုပ်ဆိုရမယ့်အချက်တွေလည်း ဖော်ပြပါရှိတယ်။ အလုပ်သမားတွေဘက်က လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကိုလည်း အမှတ်စဉ် ၁၂ မှာ တွေ့ရပါတယ်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊  ကုမ္ပဏီတွေရဲ့  လုပ်ငန်းသဘာဝ၊  အမျိုးအစားအလိုက် အလုပ်သမားတွေ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကို အလုပ်ရှင်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရဲ့ ညှိနှိုင်းမှုနဲ့ လိုအပ်သလို ထုတ်ပြန်ရပါမယ်။ အလုပ်သမားရဲ့ တာဝန်ဝတ္တရားများမှာ စာချုပ်တာဝန်ရှိမှုနဲ့ စည်းကမ်းဖောက်ဖျက်ရင် အလုပ်သမားဟာ အလုပ်ကထုတ်ပယ်ခံရမှာပါ။ အလုပ်သမားရဲ့ ဖျက်ဆီးမှုကြောင့်  ပျက်စီးရင်  ပစ္စည်းရဲ့ တန်ရာတန်ကြေးပေးလျော်ရမယ့် အပြင် အလုပ်ထုတ်ခံရပါမယ်။ အခြားကိစ္စရပ်များ ခေါင်းစဉ်မှာ သဘာဝအန္တရာယ်နဲ့ မမျှော်လင့်တဲ့ အခြားအန္တရာယ်တွေ ကျရောက်လာရင် အလုပ်သမားတွေအတွက် လိုအပ်တဲ့ အစီအမံတွေကို အလုပ်ရှင်က ဆောင်ရွက်ပေးရမယ်လို့ ဆိုပါတယ်။ စာချုပ်စည်းကမ်းတွေ သတ်မှတ်၊ ပြင်ဆင်၊ ဖြည့်စွက်ရင် အလုပ်သမားတွေနဲ့ ညှိနှိုင်းဆွေးနွေးသဘောတူညီချက်ရယူပြီး အလုပ်သမားတစ်ဦးစီရဲ့ လက်မှတ်ရေးထိုးစေပြီးမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရဲ့ ညှိနှိုင်းမှုနဲ့ ဆောင်ရွက်ရမယ်လို့ ဖော်ပြထားကြောင်း ၂၀၁၀ခုနှစ် မေလ ၂၁ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ယာယီခွင့်ပြုထားခဲ့သော ပုဂ္ဂလိကပညာသင်ကျောင်းများအား ယခုနှစ်အတွက် ဖွင့်ခွင့်မပြုတော့

၂၀၁၀-၂၀၁၁ပညာသင်နှစ်အတွက် ယာယီခွင့်ပြုထားခဲ့သော ပုဂ္ဂလိကပညာသင်ကျောင်းများအား ရန်ကုန်တိုင်းအတွင်း အနည်းဆုံး၁၀ကျောင်းအထိ တရားဝင်ဖွင့်ခွင့်ပြုမည်ဟု မတ်လကထုတ်ပြန်ခဲ့ခြင်းအား ယခုနှစ်အတွက် ဖွင့်ခွင့်မပြုသေးဘဲရပ်ဆိုင်းထားဦးမည်ဖြစ်ကြောင်းပုဂ္ဂလိကပညာသင်ယာယီဖွင့်ခွင့်ရရှိထားခဲ့သည့် ကျောင်းများမှစုံစမ်းသိရှိရပါသည်။ အဆိုပါကျောင်းများအား ဘော်ဒါဆောင်များဟူ၍သာ ဆက်လက်ဖွင့်ခွင့်ပြုမည်ဖြစ်ကြောင်း ၂၀၁၀မေလ လယ်ပိုင်းကရန်ကုန်မြို့ရှိအမှတ်(၃)အခြေခံပညာဦးစီးဌာနမှပုဂ္ဂလိက ကျောင်းအဖြစ်ပြင်ဆင်လုပ်ကိုင်ခွင့်ပေးထားသူအားခေါ်ယူ အသိပေးခဲ့သည်ဟုသိရသည်။ ထို့ပြင် ပုဂ္ဂလိက ပညာသင်ကျောင်း များဟူ၍ ခေါ်ဝေါ်သုံးစွဲခြင်း ကိုလည်း ပြင်ဆင် သွားရမည့်အပြင် ဘော်ဒါဆောင်များအား ယခင်နှစ်များကကဲ့သို့ အစိုးရကျောင်းများနှင့် တွဲဖက်ကာ ကျောင်းတက်ရောက်ရမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်ဟု စုံစမ်းသိရှိရပါသည်။ "ကျောင်းတွေကတော့ အကုန်လုံးကိုယ့်ဘက်ကပြင်ဆင်စရာရှိတာတွေပြင်ဆင်ထားပြီးပေမယ့်ဒီနှစ်ကို ခွင့်မပြုတော့ဘူးလို့သိရတယ်။ ကျွန်တော်တို့လက်ရှိလုပ်နေတဲ့ဘော်ဒါဆောင်အနေနဲ့ သာလုပ်သွားရတော့မယ့်အပြင် အခုကျောင်းဖွင့်ရာသီမှာသုံးနှုန်းထားတဲ့ ပုဂ္ဂလိကပညာသင်ကျောင်းဆိုတဲ့နာမည်အစား ဘော်ဒါလို့သာသုံးနှုန်းရတော့မယ်" ဟုN-3 ဘော်ဒါမှတာဝန်ရှိသူက ပြောကြားခဲ့ပါသည်။ ယခု ပညာသင်နှစ်ဖွင့်လှစ်ရမည့် ပုဂ္ဂလိကပညာသင်ကျောင်းအဖြစ်ယာယီခွင့်ပြုထားခဲ့ပြီးသော ကျောင်းများမှ ကျောင်းသားအပ်နှံခြင်းအား ရပ်ဆိုင်းကာ အပ်နှံထားပြီးခဲ့သည့် ကျောင်းလခများကိုလည်း ပြန်လည် ထုတ်အမ်းသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ ထို့ပြင် ပဋ္ဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိလည်း ဘော်ဒါများမှ ခွင့်ပြုလက်ခံခြင်းမပြုရတော့မည့် အပြင် ဘော်ဒါဆောင်များအနေဖြင့် အစိုးရကျောင်းများဖြင့်သာ ယခင်ကကဲ့သို့ တွဲဖက်တက်ရောက်သွားရမည်ဟုသိရှိရသည်။ ယခုအခါယာယီဖွင့်ခွင့်ပြုထားပြီးသည့်ပုဂ္ဂလိကပညာသင်ကျောင်းများသို့အပ်နှံထားသည့် ကျောင်းသားဦးရေမှာ ကျောင်းအချို့၌ ထောင်ချီအထိပင်ရှိသည်ဟုသိရကြောင်း ၂၀၁၀ခုနှစ်မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## အင်းလေးကန်ပြန်လည်စိမ်းလန်းလာစေရန် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ဆောင်ရွက်မည်

တိုင်းတာချက်များအရ စတုရန်းကီလိုမီတာ ၁၀၀၀နီးကျင်သာကျန်ရှိတော့သည့် အင်းလေးကန် ပြန်လည်စိမ်းလန်းလာစေရန် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံခြားအဖွဲ့အစည်းများပူးပေါင်း၍ FREDA (Forest Resource Environment Development and Conservation Association)မှ စီမံကိန်းလေးရပ်ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းက ပြောကြားခဲ့သည်။ စီမံကိန်း ကနဦးလုပ်ငန်းစဉ်အဖြစ် ဇွန်လအတွင်းသက်ဆိုင်ရာဝန်ကြီးဌာနများ၊နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍အင်းလေးကန် ပြန်လည်ထူထောင်ရေးအလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၄င်းကထပ်မံပြောကြားခဲ့သည်။ "အင်းလေးကန်ဟာ မြန်မာနိုင်ငံရဲ့ အမျိုးသားအမွေအနှစ် တစ်ခုဖြစ်သလို ကမ္ဘာလှည့်ခရီးသွားတွေကို ဆွဲဆောင်ရာနေရာတစ်ခုလည်း ဖြစ်ပါတယ်။ အင်းလေးကန်ပျက်ရင် အနီးတစ်ဝိုက်မှာရှိတဲ့ အင်းသားတွေရဲ့ဘဝ ပျက်မယ်။ အင်းလေးကန်ကို အမှီပြုနေတဲ့ လုပ်ငန်းတွေပျက်မယ်။ နောက်ဆုံး ဇီဝမျိုးစုံမျိုးကွဲလို့ခေါ်တဲ့ ငှက်တွေ၊ ငါးတွေ၊ အပင်တွေ အကုန်ပျက်မယ်။ အခုချိန် အင်းလေးကန်မှာ ငါးဖိန်း ငါးမျိုးတွေလုံးဝ မရှိတော့ဘူး။ ပြီးတော့ အင်းလေးကန်က ဘီလူးချောင်းနဲ့ ဆက်စပ်နေလို့ လောပိတရေအားလျှပ်စစ်စက်ရုံ ရေရရှိရေးကလည်း အင်းလေးကန်အပေါ် အများကြီး မူတည်နေပါတယ်။ ဒီအတွက် အင်းလေးကန် ပြန်လည်ထူးထောင်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ရှေ့လမယ့် ဇွန်လအတွင်းမှာလည်းအင်းလေးကန်နဲ့ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲလုပ်မယ်ယ။ ဒီဆွေးနွေးပွဲမှာ သက်ဆိုင်ရာကဆိုရင် သစ်တောပါမယ်။ ဟိုတယ်ခရီးပါမယ်။ စိုက်ပျိုးရေးပါမယ်။ ဆည်မြောင်းပါမယ် စတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအပြင် UNDP အပါအဝင် ပြည်တွင်း NGO အဖွဲ့အစည်း ၄၊ ၅ခုလောက်ကို အနည်းဆုံးဖိတ်ကြားသွားမှာဖြစ်ပါတယ်။ ပြီးရင် ကိုယ့်အပိုင်းနဲ့ကိုယ် လုပ်သင့်တဲ့ကိစ္စတွေကို ဆွေးနွေးပြီး Project တစ်ခု ရေးဆွဲသွားပါမယ်"ဟု ဦးအုန်းက ပြောကြားခဲ့သည်။ အဆိုပါ Project ၌ စီမံကိန်းလေးခုပါဝင်မည်ဖြစ်ပြီး ပထမစီမံကိန်းအနေဖြင့် အင်းလေးကန် အတွင်းရှိ ရောဂါပိုးမွှားများပါဝင်နေသည့် ရေများကို သန့်စင်အောင်ပြုလုပ်မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ဟိုတယ်များမှ စွန့်ပစ်ပစ္စည်း ထုတ်လုပ်မှုကို ထိန်းချုပ်မည် ဖြစ်သည်။ တတိယအဆင့်အနေဖြင့် ဓာတုဓာတ်မြေ သြဇာများကြောင့် အင်းလေးကန်ဝန်းကျင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ထိန်းသိမ်းသွားမည်ဖြစ်သည်။ စတုတ္ထအဆင့် အနေဖြင့် အင်းလေးကန်ဝန်းကျင် ခုနစ်မြို့နယ်တွင် စိုက်ပျိုးသင့်သည့်သစ်ပင်များကို ကွန်တိုဒ်၌ စိုက်ပျိုးရေးစသည့်အချက်များပင်ဖြစ်သည်။ "အင်းလေးကန် ပြင်ဆင်ဖို့ အတွက်က အနည်းဆုံး ဒေါ်လာ တစ်သန်းလောက် လိုအပ်မှာဖြစ်ပါတယ်။ ရန်ပုံငွေအတွက်ကိုလည်း အလုပ်ရုံဆွေးနွေးပွဲပြီးရင် ပြည်တွင်းပြည်ပကနေ ရှာဖွေသွားမှာဖြစ်ပါတယ်"ဟု ဦးအုန်းက ပြောကြားခဲ့ကြောင်း ၂၀၁၀ ခုနှစ်မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ရင်းနှီးမြှုပ်နှံမှုများလာ

ယခုနှစ်ပိုင်းကာလများသည် စွမ်းအင်ရှားပါးသည့် ကာလတစ်ခုသို့ ချဉ်းနင်း ဝင်ရောက်ပြီဖြစ်သဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့များအပြင် အခြားစွမ်းအင်ကဏ္ဍများကိုလည်း စိတ်ဝင်စားမှုများပြားလာကြကြောင်း၊ မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်ကဏ္ဍတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ရင်းနှီးမြှုပ်နှံမှုများ နေကြောင်းသိရှိရသည်။ ယင်းရေအားလျှပ်စစ်ကဏ္ဍတွင် ကချင်ပြည်နယ်ဧရာဝတီမြစ်ဆုံရေကာတာမှ ရေအားလျှပ်စစ် ၆၀၀၀မဂ္ဂါဝပ်ထုတ်လုပ်ကာ တရုတ်နိုင်ငံသို့ တင်ပို့သွားမည်ဖြစ်ကြောင်းနှင့် ဧရာဝတီမြစ်ဆုံပေါ်တွင် ရေကာတာ ခုနစ်ခု တည်ဆောက်ရေးစီမံချက်၏ပထမဆုံးစီမံချက်ဖြစ်ကြောင်း သိရှိရသည်။ ထို့အတူ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ထားသည့်နမ့်ခမ်းမြို့အနီးရွှေလီရေအားလျှပ်စစ်ကို၂၀၀၉ခုနှစ်ဩဂုတ်လတွင် စတင်ထုတ်လုပ်ခဲ့ပြီးစုစုပေါင်းဓာတ်အား၏ ၅၀ရာခိုင်နှုန်းအား တရုတ်နိုင်ငံသို့ တင်ပို့ပေးနေပြီဖြစ်ကြောင်းသိရှိရသည်။ အလားတူပင်ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအား CPI ခေါ်တရုတ်စွမ်းအင်ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အေးရှားဝေါ်လ်ကုမ္ပဏီတို့က အကောင်အထည်ဖော်နေကြောင်း သိရှိရသည်။ ထို့အတူ ရှမ်းပြည်နယ်သံလွင်အထက်ပိုင်းကွမ်းလုံဒေသတွင်လည်း တရုတ်နိုင်ငံနှင့် ဒုတိယအကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ခုတည်းဆောက်ရန် သဘောတူထားကြောင်း၊ ယင်းစီမံကိန်းအားသက်ဆိုင်ရာ ဝန်ကြီးဌာန တရုတ်နိုင်ငံ Energy Holding Group Ltd နှင့် Gold Water Resources Ltd တို့က စာချုပ်ချုပ်ဆိုကြပြီး လျှပ်စစ်ဓာတ်အား ၂၄၀၀ ကီလိုဝပ် ထုပ်လုပ်နိုင်မည်ဖြစ်ကာ တရုတ်နိုင်ငံအတွက် သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် စီမံကိန်းဖြစ်ကြောင်း နှင့် ပထမစီမံကိန်းမှာ တာစန်းရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း ၊ လက်ရှိအခြေအနေတွင် မူတရုတ်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ခြောက်ဘီလျံ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပြီး လျှပ်စစ်ဓာတ်အားကီလိုဝပ် ၇၁၀၀ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ ထိုင်းနိုင်ငံအနေဖြင့် လည်း သံလွင်မြစ်ရေအားလျှပ်စစ်စီမံကိန်းတွင်အမေရိကန်ဒေါ်လာခြောက်ဘီလျံထိရင်းနှီးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုပမာဏအား ၇ဒသမ ၇၈ဘီလျံမှ ၁၃ဒသမ၈ဘီလျံထိတိုးမြှင့်ရန်ရည်ရွယ်ထားကြောင်း၂၀၁၀ခုနှစ်မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်အားလုံး ဇွန် ၁၀ရက်တွင်ဖွင့်လှစ်မည်

နိုင်ငံတစ်ဝန်းရှိပုဂ္ဂလိက စက်သုံးဆီဆိုင်အားလုံးလာမည့်ဇွန်လ၁၀ရက်တွင်တစ်ပြိုင်နက်ဖွင့်လှစ်ကြမည်ဖြစ်ပြီးအဆိုပါဆိုင်များတွင်ဓာတ်ဆီတစ်ဂါလံလျှင်၂,၅၀၀ကျပ်ထက်မပိုသောနှုန်းဖြင့် ရောင်းချသွားကြမည်ဖြစ်ကြောင်းကိုယ်တိုင်စက်သုံးဆီဆိုင်ဖွင့်လှစ်မည့် လုပ်ငန်းရှင်များကပြောသည်။ မေလ၂၄ရက်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့သော သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိက စက်သုံးဆီဆိုင်ဖွင့်လှစ်မည့်လုပ်ငန်းရှင်များ အစည်းအဝေးတွင် ယခင်အစိုးရစက်သုံးဆီဆိုင်များအား ပုဂ္ဂလိကစက်သုံးဆီဆိုင်အဖြစ်လွှဲပြောင်းလုပ်ကိုင်မည့်ဆိုင်များ၏ စတင်ဖွင့်လှစ်မည့်ရက်ကို ဇွန်၁၀ရက်ကိုသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်းအစည်းအဝေးသို့တက်ရောက်ခဲ့သောစီးပွားရေးလုပ်ငန်းရှင်များကပြောသည်။ ထိုဆိုင်များတွင် ဒီဇယ်ကို မိမိအစီအစဉ်ဖြင့်ဝယ်ယူတင်သွင်းရောင်းချနိုင်သကဲ့သို့ ဓာတ်ဆီကိုလည်း စွမ်းအင်ဝန်ကြီးဌာနမှ ဝယ်ယူ ရောင်းချခွင့်ရရှိကြောင်းသိရသည်။ထိုသို့ဓာတ်ဆီကိုပြန်လည်ရောင်းချရာတွင် ဈေးနှုန်းမှာတစ်ဂါလံလျှင် ၂၅၀၀ကျပ်ထက်မပိုသော နှုန်းဖြင့်ရောင်းချကြရန် ညှိနှိုင်းထားကြောင်းလည်း သတင်းရရှိသည်။ ထို့ကြောင့် ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင်ရောင်းချမည့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်အစိုးရစက်သုံးဆီဆိုင်များတွင် ခွဲတမ်းဖြင့်ရောင်းချခဲ့သော နှုန်းနှင့် အတူတူပင်ဖြစ်နိုင်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။ အစိုးရ စက်သုံးဆီဆိုင် ၂၄၆ဆိုင်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ယခုနှစ် နှစ်ဆန်းပိုင်းတွင်လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ်မေလ ၂၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရန်ကုန်မြို့တော်တွင် နောက်ထပ် နှစ်လအထိ ရေအတွက် စိုးရိမ်ရန်မလိုဟုဆို

ရန်ကုန်မြို့တော်နေပြည်သူများအတွက် မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နောက်ထပ် နှစ်လအထိ ရေအတွက် စိုးရိမ်စရာမလိုကြောင်း၊ အဆိုပါကော်မတီ၏ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။ "မိုးမကျခင်အချိန်အတွက် ရန်ကုန်မြို့မှာ ရေလုံလောက်မှုရှိပါတယ်။ နောက်ထပ်နှစ်လစာရှိတယ်" ဟု ၎င်းကဆိုသည်။ လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၃၃မြို့နယ်ရှိ လူဦးရေ ငါးသန်းအတွက် တစ်ဦးလျှင် တစ်နေ့အတွက် ဂါလန် ၃၀နှင့်ဆိုပါက လိုအပ်သော ရေဂါလန်မှာ သန်း ၁၅၀ဖြစ်ကြောင်း၊ နေ့စဉ်ပေးဝေနေမှုမှာ ဂါလန် သန်း ၁၆၀ဖြစ်ကြောင်း သိရသည်။ ပေးဝေနေသော ရေများမှာ ဂျိုးဖြူကန်မှ ဂါလန် ၂၇သန်း၊ ဖူးကြီးကန်မှ ဂါလန် ၅၄သန်း၊ လှော်ကားကန်မှ ဂါလန် ၁၄သန်း၊ အဂ်ီစီတွင်းမှ ဂါလန် ၁၆သန်း၊ ငမိုးရိပ်အထယမှ ဂါလန် ၄၅သန်း၊ ဒဂုံတောင် ၁၀၇ရေပေးဝေရေးမှ ရေဂါလန် တစ်သန်း၊ ဒဂုံတောင် ၅၇ ရပ်ကွက် ရေပေးဝေရေးစခန်း ဂါလန် တစ်သန်း၊ ထန်းတစ်ပင် သဲဖြူရေသုံးကန်မှ ဂါလန်တစ်သန်း၊ စမ်းချောင်း နာနတ်တောစိမ့်ပြာရေစုတွင်းကျယ်မှ ဂါလန် တစ်သန်း စုစုပေါင်း ရေဂါလန်သန်း၁၆၀ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။ ရန်ကုန်မြို့တွင်း မြို့နယ်များဖြစ်သော ဗိုလ်တထောင်၊ ပုဇွန်တောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များတွင် မီးစက်၅၁လုံးဖြင့် ဒီဇယ်၊ အင်ဂျင်မောင်း၍ ပိုက်လိုင်းများအား ရေအားဖြည့်စနစ်ဖြင့် ရေပေးဝေမှုများလည်း ပြုလုပ်နေကာ ယခုဘဏ္ဍာနှစ်အပါအဝင် အဂ်ီစီတွင်းပေါင်း ၄၉၆တွင်း တူးပေးပြီးဖြစ်ကြောင်း ၊ ၎င်းအပြင် ရေဂါလန် ၃,၂၀၀ဆံ့ ရေဘောက်ဆာကား အစီး ၂၀၊ ရေလှောင်သံကန် လေးစီး၊ မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် ရေပေးဝေမှုများ ပြုလုပ်နေပြီး ယခုရက်ပိုင်းအတွင်း ရေတွင်းတူးစက် ၁၀ခု ထပ်မံတပ်ဆင်နေကြောင်း၊ ရန်ကုန်တွင် ရေလုံလောက်မှုရှိကြောင်း ၎င်းကသတင်းပေးပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိက စက်သုံးဆီ အရောင်းဆိုင် အချို့တွင် ဒီဂျစ်တယ် ဆီပန့်သုံး ကွန်ပျူတာစနစ်ဖြင့် ရောင်းချမည်

ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုထားသည့် စက်သုံးဆီဆိုင်အချို့တွင် လက်ရှိသုံးစွဲလျက်ရှိသည့်ဆီပန့်များအစားဒီဂျစ်တယ်ပန့်များကိုအစားထိုးတပ်ဆင်ပြီးဆီရောင်းချမှုကိုလည်း ကွန်ပျူတာစနစ်ဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း ထိုပန့်များကို တင်သွင်းရောင်းချပေးသည့် International Marine Services Co Ltd အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဟိန်းက မေလ ၂၁ ရက်တွင် ပြောကြားသည်။ အဆိုပါ ဒီဂျစ်တယ်ဆီပန့်များ သည် သတ်မှတ်ပေးထားသော စက်သုံးဆီရောင်း ဈေးအတိုင်းဝယ်ယူသူထည့်လိုသည့်ဆီပမာဏကိုတိကျစွာထည့်ပေးနိုင်သည့် ပန့်များဖြစ်ကာ လက်ရှိတွင် ထိုပန့်များကို ကုမ္ပဏီသုံးခုမှ လုပ်ကိုင်ဆောင်ရွက်မည့် စက်သုံးဆီဆိုင်ပေါင်း ၂၀ တွင်ပြောင်းလဲတပ်ဆင်ရန်သဘောတူညီမှုရရှိပြီးဖြစ်ကြောင်း ၎င်းကဆိုသည်။ " ဒီဂျစ်တယ် ပန့်တွေကိုတော့ ကုမ္ပဏီတော်တော်များများက စိတ်ဝင်စားကြတယ်။ သုံးစွဲမယ့် ကုမ္ပဏီတွေကလည်း လက်ရှိပန့်တွေ နေရာမှာ ဒီပန့်တွေကို အမြန်ဆုံးပြောင်းလဲတပ်ဆင်သွားဖို့ ရှိပါတယ် " ဟု ၎င်းကပြောသည်။ ထို့ပြင် စက်သုံးဆီရောင်းချပေးရာတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ပုံစံအစားကွန်ပျူတာဖြင့်ကျသင့်ငွေဘောက်ချာထုတ်ပေးသည့် စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်းဆိုသည်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်များအနေဖြင့် ဝယ်ယူသူများကို ဝန်ဆောင်မှုပေးရာတွင် ပိုမိုအဆင်ပြေကောင်းမွန်ရေးအတွက် ထိုဒီဂျစ်တယ်ဆီပန့်များကို အစားထိုးတပ်ဆင်ခြင်းဖြစ်ပြီး လက်ရှိသုံးစွဲလျက်ရှိသည့် စနစ်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ထားကြောင်းသိရသည်။ ပြောင်းလဲတပ်ဆင်မည့် ဒီဂျစ်တယ်ဆီပန့်များမှာ ဂျပန်နိုင်ငံထုတ် Tatsuno တံဆိပ်ပန့်များဖြစ်ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းခြင်းဖြစ်ကြောင်း၊ ပန့်တစ်ခု၏ တန်ဖိုးမှာ ကျပ်သိန်း ၇၀-၈၀ ဝန်းကျင် ဖြစ်ပြီးမော်ဒယ်နှင့် လုပ်ဆောင်ချက်ပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိကြောင်းဆိုသည်။ ထိုဒီဂျစ်တယ်ဆီပန့်များကို ပြောင်းလဲတပ်ဆင်ခြင်းအားဖြင့် စက်သုံးဆီလျော့နည်း၍ အလေအလွင့်ဖြစ်ခြင်းများကို သက်သာစေမည်ဖြစ်ကြောင်း၊ သို့ရာတွင် မီးအားမပြည့်ပါက စက်မလည်ပတ်နိုင်သည့် အားနည်းချက်ရှိကြောင်း ၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် အင်တာနက် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းထုတ် ဓမ္မပက်ဒ် Tablet ကွန်ပျူတာ ဈေးကွက်ဝင်တော့မည်

ဘုန်းတော်ကြီးများနှင့် တရားဓမ္မလေ့လာလိုက်စားသူများ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ e-တရားသင်ပုန်း (DHAMMA PAD) အမည်ရှိ Tablet ကွန်ပျူတာတစ်မျိုးကို မန္တလေးအခြေစိုက် အယ်လ်ဖာကုမ္ပဏီက ထုတ်လုပ်ရောင်းချရန် စီစဉ်လျက်ရှိကြောင်း ထိုကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးရဲမြတ်သူက ပြောကြားသည်။ ထို Tablet ကွန်ပျူတာတွင် ကုမ္ပဏီမှ ယခင်က ထုတ်လုပ်ခဲ့သော အိတ်ဆောင်ပိဋကစက်တွင် ပါဝင်သော ဒေတာအချက်အလက်များ အားလုံးပါဝင်မည့်အပြင် စာအုပ်Scanများနှင့်ဗီဒီယိုအက်ဖ်ဖိုင်များကိုပါဖတ်ရှုနိုင်စေမည်ဖြစ်သည်။ " ဓမ္မပက် (DHAMMA PAD) ဆိုတာကို ပြောရရင် အိုင်ပေါ့ဒ်တပ်ချိခေတ်က အိတ်ဆောင် တီပိဋက ထုတ်ရာကနေ အိုင်ပက်ဒ်ခေတ်မှာ အကြီးထုတ်တာပါပဲ။ စာအုပ်တွေ၊ Scanတွေ၊ ဗီဒီယိုအက်ဖ်တွေကိုပါ ဖတ်လို့ရတဲ့ မိုဘိုင်းအင်တာနက် Device ရတဲ့ Tablet ဖြစ်သွားတယ် " ဟု ဦးရဲမြတ်သူက ဆက်ပြောသည်။ ထို Tablet ကွန်ပျူတာကို ပြည်ပမှာယူဖြန့်ချိခြင်းမဟုတ်ဘဲ ကိုယ်တိုင်တပ်ဆင် ထုတ်လုပ်မည် ဖြစ်သဖြင့် လက်ရှိတွင် ဟာ့ဒ်ဝဲတပ်ဆင်ရန် Device နမူနာများကို စမ်းသပ်ခြင်း၊ အသုံးပြုနိုင်ရန် ဆော့ဖ်ဝဲပြန်လည်ရေးဆွဲနေခြင်း စသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအဆင့်တွေသာ ရှိနေသေးကြောင်း၊ အပြီးသတ်ပြီးမှသာ ဈေးကွက်တင်ရောင်းချမည် ဖြစ်ကြောင်းဆိုသည်။ ထို e-တရားသင်ပုန်းကို ဈေးနှုန်းကြီးမြင့်သည့် အိုင်ပက်ဒ်ကဲ့သို့သော ဒီဂျစ်တယ် Device မျိုးဖြင့် ထုတ်လုပ်မည် မဟုတ်ဘဲ ဈေးနှုန်းသက်သာသည့် Device မျိုးဖြင့်သာ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ " အိုင်ပက်ဒ်က အနိမ့်ဆုံးတောင် ကျပ်ခြောက်သိန်းကျော်ဆိုတော့ ဈေးကြီးတယ်။ အခုဟာက ဘုန်းကြီးတွေ အဆင်ပြေနိုင်လောက်မယ့်ဈေးဖြစ်တဲ့ ကျပ်သုံးသိန်းလောက်နဲ့ ရောင်းချနိုင်အောင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ် " ဟု ၎င်းကပြောသည်။ အဆိုပါ Tablet ကွန်ပျူတာသည် ဒီဂျစ်တယ်တီပိဋက အသုံးပြုနိုင်ရုံသာမက ရုပ်ရှင်ဖိုင်များကို ကြည့်ရှုနိုင်ခြင်း၊ ဒီဂျစ်တယ်ဓါတ်ပုံအယ်လ်ဘမ်အဖြစ် အသုံးပြုနိုင်ခြင်း၊ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်အသုံးပြုနိုင်ခြင်း၊ Power Point ဖြင့်လုပ်ခြင်းနှင့် အီးမေးလ်အသုံးပြုနိုင်ခြင်းစသည့်လုပ်ဆောင်ချက်များကိုပါ သုံးစွဲနိုင်မည် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် အင်တာနက် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်း၌ လုပ်ကိုင်ရန် အလုပ်အကိုင်ရှာဖွေသူဦးရေ ၂၀၁၀တွင် ပိုမိုမြင့်တက်လာ

ပြည်တွင်းအလုပ်အကိုင်ရလို၍ အလုပ်လျှောက်ထားသူဦးရေမှာ ယမန်နှစ်များက တည်ငြိမ်နေခဲ့သော်လည်း ၂၀၁၀တွင် မြင့်တက်လာခဲ့သည်ဟု ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့ထံမှ သိရှိရပါသည်။ အလုပ်အကိုင်ရလိုသူဦးရေ မြင့်တက်သည်ဟုဆိုရာ၌ ဘွဲ့ရကျောင်းသားအများစုတွင် နိုင်ငံတကာသင်တန်းများတက်ရောက်ထားသော စာတွေ့ အတွေ့အကြုံသာရှိပြီး လုပ်ငန်းခွင်အတွေ့အကြုံမရှိသူများဖြစ်ကြခြင်းကြောင့် ရရှိသောလစာနှင့် ကုမ္ပဏီအများစုတွင်လုပ်သားမတည်ငြိမ်မှုများဖြစ်ပေါ်ကာပြည်တွင်း၌အလုပ်အကိုင်ရှာဖွေသူမှာ မြင့်တက်လာခဲ့ရသည်ဟု ပြည်တွင်းအလုပ်အကိုင်ရေးရာ ကျွမ်းကျင်သူတစ်ဦးကပြောပြခဲ့သည်။"အခုဘွဲ့ရကျောင်းသားတွေကြားမှာနိုင်ငံခြားမထွက်သူကပြည်တွင်းမှာ သင်တန်းတွေတက်ပြီး အလုပ်အကိုင်ရဖို့ မျှော်မှန်းလာကြတယ်။ ဘွဲ့ရထားပြီး အလုပ်အကိုင်ရဖို့ သင်တန်းတွေတက်ထားတဲ့ ကုန်ကျစရိတ်က သိန်းချီရှိကြတော့ ကိုယ်တတ်ထားတဲ့ ပညာနဲ့ အလုပ်ကောင်းကောင်းမှာ လစာကောင်းကောင်းလိုချင်ကြတယ်"ဟု လက်ရှိ ပြည်တွင်းအလုပ်အကိုင်အခြေအနေနှင့်ပတ်သက်၍ လေ့လာသူတစ်ဦးက ရှင်းပြခဲ့သည်။ မိမိ၏ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်ဝင်ရန် အေဂျင်စီများသို့ လျှောက်ထားသူများမှာအဆင့်အလိုက်တူညီမှုမရှိကြသော်လည်း၂၀၀၉ခုနှစ်ပိုင်းမှစတင်ကာလုပ်ငန်းခွင်များ၌ကျွမ်းကျင်ဝန်ထမ်းများကိုသာ ရွေးချယ်ခန့်ထားမှုပိုမိုများပြားလာကြကြောင်း Device အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ သိရှိရပါသည်။ စက်မှုဇုန်များ၊ စက်ရုံအလုပ်ရုံများ၌ အခြေခံလုပ်သားများ နေရာခန့်ထားရာ၌ လုပ်သက်အတွေ့အကြုံမရှိသေးသော ဝန်ထမ်းသစ်များကိုသာခေါ်ယူမှုများပြီး ယခုနောက်ပိုင်း ကုမ္ပဏီအများစုမှ လုပ်သက်အတွေ့အကြုံနှင့် အရည်အချင်းပြည့်ဝသော သူများကိုသာ လစာအမြင့်ပိုင်းပေး၍ ခေါ်ယူခန့်ထားမှု ပိုများလာခဲ့သည်ဟု ကမာရွတ်မြို့နယ်ရှိအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတစ်ခုမှသိရသည်။ပြည်ပထက်ပြည်တွင်းအလုပ်အကိုင်ရလိုသူဦးရေ မြင့်တက်လာရခြင်းမှာ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေပေါ်၌ မှီတည်လျက်ရှိနေရာအများစုမှာပြည်ပထွက်ခြင်းထက်ပြည်တွင်း၌ ယခုနှစ်အတွက် ပိုမိုနေထိုင်လိုသူများ များပြားနေကြောင်း အလုပ်အကိုင်ရှာဖွေနေသူ လူငယ်အများစု၏ ဖြေကြားချက်အရ သိရကြောင်း ၂၀၁၀ခုနှစ် မေလ ၂၈ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

မေလ ၂၇ ရက်နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီးစစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၄ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၅ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်း၊မကွေးတိုင်း၊ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအား ကောင်းရာမှအား အလွန်ကောင်းနေပြီးကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။ မေ ၂၈ရက် ညနေထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ကရင်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင်နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရွာနှုန်း ၈၀ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

# နိုင်ငံတကာသတင်း

## ဂျပန်နှင့် အမေရိကန်တို့ ရေတပ်အခြေစိုက်စခန်း ပြောင်းရွှေ့ရေး ပူးပေါင်းဆောင်ရွက်ကြမည်

ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်သည် သောကြာနေ့က ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအိုကားဒါးနှင့် တွေ့ဆုံ၍ အိုကီနားဝါးကျွန်းပေါ်ရှိ အမေရိကန် ရေတပ်အခြေစိုက်စခန်း ပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။ အခြေစိုက်စခန်းကို ရွှေ့ပြောင်းရေးအတွက် အဖြေရှာရာတွင် နိုင်ငံရေးအရနှင့် လုပ်ငန်းဆောင်ရွက်မှုအရ အဆင်ပြေ၍ နှစ်နိုင်ငံအကျိုးရှိမှုကိုအဓိကထားမည်ဖြစ်သည်။ပြန်လည်နေရာချထားရေးသဘာတူညီချက်ကို မေ ၃၁ရက်နောက်ဆုံးထား၍ တင်ပြကြရမည်ဖြစ်သည်။ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများသည်နိုင်ငံတကာနှင့်ပတ်သက်သောကိစ္စရပ်များကိုဆက်လက်ဆွေးနွေးကြသည်။ (ဆင်ဟွာ)

## ကုလသမဂ္ဂ၏ ပိတ်ဆို့မှုတွင် အကျုံးမဝင်သော  S-300 ဒုံးကျည်များကို အီရန်သို့ရောင်းချမည်

ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ၁၅နိုင်ငံသည် အင်္ဂါနေ့က အီရန်နိုင်ငံအပေါ် ချမှတ်မည့် ပိတ်ဆို့မှုနှင့်ပတ်သက်သောဆုံးဖြတ်ချက်မူကြမ်းကိုထုတ်ပြန်ခဲ့သည်။ယင်းဆုံးဖြတ်ချက်အရ နိုင်ငံတကာအသိုင်းအဝိုင်းသည် အီရန်နိုင်ငံအား စစ်လက်နက်ပစ္စည်းများ ရောင်းချခြင်းရွှေ့ပြောင်းသယ်ယူခြင်းများကို တားမြစ်ပိတ်ဆို့ရန် တိုက်တွန်းထားသည်။ ၄င်းတို့တွင် တင့်ကားများ၊ သံချပ်ကာယာဉ်များ၊ ဒုံးကျည်များနှင့် ဒုံးကျည်ကွန်ယက်စနစ်များ ပါဝင်သည်။ လက်နက်ပစ္စည်းများစာရင်းတွင် ကာကွယ်ရေးအတွက်သာ အသုံးပြုနိုင်သောလက်နက်များ ပိတ်ပင်ထားခြင်းမရှိပေ။ ထို့ကြောင့် ရုရှားနိုင်ငံက ၄င်း၏ S -300 ဒုံးကျည်များကို အီရန်နိုင်ငံသို့ ရောင်းချသွားမည်ဖြစ်သည်။ (ဆင်ဟွာ)

## တောင်ကိုရီးယားသင်္ဘောနစ်မြုပ်ခြင်းကိစ္စ ကုလသမဂ္ဂသို့ တင်ပြမည်

တောင်ကိုရီးယားနိုင်ငံ၏ ကင်းလှည့်သင်္ဘော နစ်မြုပ်ရခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသော မြောက်ကိုရီးယားနိုင်ငံအား လိုအပ်သောအရေးယူမှုများ ပြုလုပ်နိုင်ရန်အဆိုပါကိစ္စကို ကုလသမဂ္ဂသို့ တင်ပြတိုင်ကြားရန် တောင်ကိုရီးယားနိုင်ငံက စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ မြောက်ကိုရီးယားနိုင်ငံအပေါ်လက်ရှိချမှတ်ထားသော ပိတ်ဆို့မှုများသည်လုံလောက်မှုမရှိသဖြင့် သံတမန်နည်းလမ်းဖြင့် အရေးယူအပြစ်ပေးရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးကထုတ်ဖော်ပြောဆိုသည်။ ယခုအချိန်သည် မြောက်ကိုရီးယားနှင့်ပတ်သက်၍ နောက်ထပ် ခြေတစ်လှမ်းတိုးဆောင်ရွက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်သည်ဟု ၄င်းကပြောဆိုသည်။ (ဆင်ဟွာ)

## ထိုင်းအစိုးရအဖွဲ့အား အယုံအကြည်မရှိအဆို တင်သွင်းမည်

ထိုင်းနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဆန္ဒပြမှုများအား အစိုးရက နှိမ်နင်းဖြိုခွဲခြင်းနှင့်ပတ်သက်၍ လွှတ်တော်တွင် အယုံအကြည်မရှိအဆိုတစ်ရပ်တင်သွင်းရန်ဖူထိုင်းပါတီကပြင်ဆင်လျက်ရှိကြောင်း သိရှိရသည်။ ဝန်ကြီးချုပ်အပါအဝင် အခြားဝန်ကြီးလေးဦးအား အယုံအကြည်မရှိအဆို တင်သွင်းမည်ဖြစ်သည်။ လွှတ်တော်အထူးအစည်းအဝေးတွင် ယင်းကိစ္စနှင့်ပတ်သက်၍ မေလ ၂၄ ၇ ရက်နေ့တွင် အခြေအတင်ဆွေးနွေးကြမည်ဖြစ်သည်။ ဆန္ဒပြသမားများအား ဖြိုခွဲရာတွင် မီဒီယာလောကသားများအပါအဝင် ထိုင်းလူထုတစ်ရပ်လုံး၏ ရှေ့မှောက်တွင် ဥပဒေနည်းလမ်းများအတွင်း ဆောင်ရွက်ခြင်းဖြစ်၍ အစိုးရအဖွဲ့အနေဖြင့် တစုံတရာစိုးရိမ်ဖွယ်မရှိကြောင်း ဒုတိယဝန်ကြီးချုပ်က ထုတ်ဖော်ပြောဆိုသည်။ (ဆင်ဟွာ)

## ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး တံဆိပ်ခေါင်းအား လေလံတင်ရောင်းချ

ဆွီဒင်နိုင်ငံတွင် ၁၈၅၇ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့သော ယင်းအမျိုးအစားတွင် တစ်လုံးတည်းသာရှိသော ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံးဖြစ်သည့် ရှားပါးတံဆိပ်ခေါင်းတစ်လုံးကို စနေနေ့က ဂျနီဗာမြို့တွင် လေလံတင်ရောင်းချခဲ့သည်။ ၄င်းသည် ၃သျှီလင်တန်တံဆိပ်ခေါင်းဖြစ်၍ အစိမ်းရောင်ရိုက်ရမည့်အစားအဝါရောင်မှားယွင်းရိုက်နှိပ်ထားခဲ့သည်။၄င်းတံဆိပ်ခေါင်းကို နိုင်ငံစုံ လုပ်ငန်းစုကြီးတစ်ခုက လေလံဆွဲဝယ်ယူသွားခဲ့သည်။ အဆိုပါတံဆိပ်ခေါင်းကို ၁၈၈၅ခုနှစ်တွင် ကျောင်းသားလေးတစ်ယောက်က အမှတ်မထင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ၄င်းတံဆိပ်ခေါင်းသည် ပိုင်ဆိုင်သူလက်အမျိုးမျိုးပြောင်းခဲ့သည်။ ၁၉၉၆ခုနှစ် လေလံပွဲတွင် ဒေါ်လာ ၄.၅သန်းဖြင့် ရောင်းချခဲ့ရသည်။ ယခုလေလံတွင်ဝယ်ယူသူ၏အမည်နှင့် ပေးချေရသည့်ငွေပမာဏကို ထုတ်ပြန်ကြေညာခြင်းမပြုပေ။ (အေအက်ဖ်ပီ)

## မြူမှုန်အရွယ် Switch တစ်ခု ဩစတြေးလျသိပ္ပံပညာရှင်များ တီထွင်

ဩစတြေးလျသိပ္ပံပညာရှင်များသည် တနင်္လာနေ့က ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးဖြစ်သော အီလက်ထရောနစ် အဖွင့်အပိတ်ခလုပ်(Switch)တစ်ခုကို ထုတ်ဖော်ပြသခဲ့ကြသည်။ ၄င်းဖွင့်ပိတ်ခလုပ်သည် အက်တမ်ခုနစ်ခု အရွယ်မျှသာရှိ၍ နောက်ပိုင်းတွင် ၄င်းကိုအသုံးပြုသဖြင့် မိုက်ခရိုချစ်များ၏ အရွယ်အစားသည် လွန်စွာသေးငယ်သွားမည့်အပြင် ကွန်ပျူတာ၏ တွက်ချက်မှုအမြန်နှုန်းသည်လည်း အထူးသိသာစွာပြောင်းလဲသွားမည်ဖြစ်သည်။ ၄င်း Switch ကို ဆီလီကွန် ပုံဆောင်ခဲတွင်  မြှုပ်နှံထားခြင်းဖြစ်သည်။  လက်ရှိ ကွန်ပျူတာဖြင့် ကမ္ဘာ၏သက်တမ်းကြာအောင် တွက်ချက်ရမည့်ပုစ္ဆာများကို ၄င်း Switch သုံး ကွန်ပျူတာကအချိန်တိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။မိုက်ခရိုချစ်၏အရွယ်အစားသည် အဆတစ်ရာကျော်မျှ သေးငယ်သွားမည်ဖြစ်သည်။ (အေအက်ဖ်ပီ)

## မိခင်ကြယ်ကြီးက ဂြိုဟ်ငယ်တစ်ခုအား ဝါးမြို

WASP-12b အမည်ရှိ ဂြိုဟ်ငယ်သည် အလင်းနှစ် ၆၀၀ဝေးသော အော်ရီးဂါး ကြယ်တံခွန်အတွင်းတွင် တည်ရှိသည်။ ၄င်း၏မျက်နှာပြင်သည် ၁၅၀၀˚C ရှိသဖြင့် နဂါးငွေ့တန်းတွင် အပူဆုံးကြယ်ဖြစ်သည်။ ၄င်းသည် မိခင်ကြယ်ကြီးအား နီးကပ်စွာ လှည့်ပတ်လျက်ရှိသည်။ တစ်ပတ် ပတ်မိရန် ၂၄နာရီသာ ကြာမြင့်သည်။ ပြင်ပမှုကြီးမားသောဒီအေစွဲအားကြောင့် ၄င်း၏ပတ်လမ်းသည် ဘဲဥပုံသဏ္ဍာန်ဖြစ်သွားပြီးလျှင် မိခင်ကြယ်နှင့် ပို၍နီးကပ်သွားခဲ့သည်။ ထို့နောက်တွင် မိခင်ကြယ်ကြီးက ၄င်းဂြိုဟ်ငယ်အား ဝါးမြိုပစ်ခဲ့သည်။အဆိုပါအဖြစ်အပျက်သည် နာဆာမှ အာကာသတွင်လွှတ်တင်ထားသော ဟက်ဘဲလ် မှန်ပြောင်းက ဓါတ်ပုံရိုက်ယူနိုင်ခဲ့သည်။ ဤကဲ့သို့ မိခင်ကြယ်ကြီးက ဂြိုဟ်ငယ်တစ်ခုအားဝါးမြိုခြင်းကို ပထမဆုံးအကြိမ် ဓါတ်ပုံရိုက်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ (ဆင်ဟွာ)

## ပြင်သစ်စစ်ရေယာဉ်က တန်ဇန်းနီးယားကမ်းလွန်တွင် ပယ်လယ်ဓားပြများအား ဟန့်တားနိုင်ခဲ့

ဆိုမာလီ ကမ်းလွန်တွင် စောင့်ကြပ်နေသော ဥရောပရေတပ်ဖွဲ့ (Atlanta)မှ ပြင်သစ် ရေတပ်သင်္ဘောNivose သည်တန်ဇန်းနီးယားနိုင်ငံဒါရက်စလန်မြို့တွင် ခေတ္တရပ်နားရန် ချဉ်းကပ်လာနေစဉ် ကုန်သွယ်သင်္ဘော နော့နက်ကျူနာမှ အကူအညီ တောင်းခံသည့် အချက်ပေးစနစ်ကို လက်ခံရရှိခဲ့သည်။ Nivose သင်္ဘောသည်ချက်ချင်းလမ်းကြောင်းပြောင်းလိုက်ပြီးလျှင် ရဟတ်ယာဉ်တစ်စီးအား အခင်းဖြစ်နေရာသို့ စေလွှတ်ခဲ့သည်။ ပင်လယ်ဓားပြများသည် သင်္ဘောပေါ်သို့ တက်ရန်ကြိုးစားနေစဉ် ရဟတ်ယာဉ်ရောက်ရှိသွား၍ ၄င်းတို့အားအချိန်မီ ဟန့်တားနိုင်ခဲ့သည်။ ရဟတ်ယာဉ်မှ သတိပေးခြောက်လန့်ပစ်ခတ်မှုကြောင့် ဓားပြများ၏ စက်တပ်ရေယာဉ်များသည် ကမ်းခြေဘက်သို့ မောင်းပြေးပြီးလျှင် တံငါ လှေများအကြားတွင် ပျောက်ကွယ်သွားခဲ့ကြသည်။ ဆိုမာလီရေပြင်အား နိုင်ငံတကာမှ သင်္ဘောများ စောင့်ကြပ်နေသဖြင့် ပင်လယ်ဓားပြများသည် အလွန်ဝေးကွာသော နေရာသို့သွားရောက်၍ တိုက်ခိုက်မှုများ ပြုလုပ်လေ့ရှိကြသည်။ (ဆင်ဟွာ)

## အီးယူနှင့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

၂၈ကြိမ်မြောက် ဥရောပသမဂ္ဂနှင့် အာဆီယံနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ဗုဒ္ဓဟူးနေ့က စပိန်နိုင်ငံမဒရစ်မြို့တွင်စတင်ကျင်းပခဲ့သည်။အစည်းအဝေးတွင် အဖွဲ့ကြီးနှစ်ခု ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ တိုးမြှင့်ရေးအပြင် စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများကိုပါ ဆွေးနွေးကြမည်ဖြစ်သည်။ ယခုအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော ပူးတွဲအစည်းအဝေးမှတ်တမ်းနှင့် ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့တွင် ကျင်းပခဲ့သော လုပ်ငန်းစီမံချက်များကို အပြီးသတ်လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။ အာဆီယံသည် လူဦးရေ ၅၇၆သန်း ရှိ၍ ၄င်း၏ စုပေါင်း GNP သည် ဒေါ်လာ သုံးထောင် ဘီလီယံခန့် ရှိသည်။ ဥရောပသမဂ္ဂတွင် နိုင်ငံပေါင်း ၂၇နိုင်ငံပါဝင်၍ လူဦးရေ သန်း၅၀၀ ကျော်နေထိုင်လျက်ရှိသည်။ (ဆင်ဟွာ)

## တောင်ကိုရီးယားစစ်သင်္ဘောများကို တိုက်ခိုက်မည်ဟု မြောက်ကိုရီးယားခြိမ်းခြောက်

တောင်ကိုရီးယား ရေတပ်မှ စစ်ရေယာဉ် ၈စီးသည် အနောက်ဘက်ကမ်းခြေ ကမ်းလွန်ဒေသ မြောက်ကိုရီးယားနယ်စပ်နှင့် မလှမ်းမကမ်းတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ လေ့ကျင့်မှုအတွင်း မြောက်ကိုရီးယား ကင်းလှည့်သင်္ဘောနှင့် ရေငုပ်သင်္ဘောတို့အား အမြောက်များဖြင့် ပစ်ခတ်ခြင်း၊ မြေအောက်ဗုံးများ၊ ဒိုင်းနမိုက်များခွဲ၍ ဖျက်ဆီးခြင်းများ လေ့ကျင့်ခဲ့ကြသည်။ဤကဲ့သို့တောင်ကိုရီးယား၏အင်အားပြလေ့ကျင့်ခြင်းအပေါ်မြောက်ကိုရီးယားနိုင်ငံကမကျေမနပ်ဖြစ်၍နှစ်နိုင်ငံနယ်စပ်အနီးသို့ချဉ်းကပ်လာသောတောင်ကိုရီးယားသင်္ဘောများကို ပစ်ခတ်နှစ်မြုပ်ပစ်မည်ဟု ကြိမ်းမောင်းပြောဆိုခဲ့သည်။ ထို့ပြင် နှစ်နိုင်ငံနယ်စပ်တွင် ပြဿနာမဖြစ်ရေးနှင့်ဆိုင်သော သဘောတူစာချုပ်ကိုလည်း မြောက်ကိုရီးယားဘက်မှ ရုပ်သိမ်းလိုက်သည်။ နှစ်နိုင်ငံဖက်စပ်တည်ထောင်ထားသော စီမံကိန်းလုပ်ငန်းကိုလည်း ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ဆိုးလ်မြို့တွင်လူထောင်ပေါင်းများစွာတို့ကမြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီ၏ ရုပ်ပုံများကို တုတ်များဖြင့် ရိုက်နှက်၍ ဆန္ဒပြကြသည်။ (အေအက်ဖ်ပီ)

## အိုကီနာဝါ စစ်အခြေစိုက်စခန်းအတွက် ဂျပန်နှင့် အမေရိကန်အစိုးရတို့ သဘောတူညီမှုရရှိ

ဂျပန်နှင့် အမေရိကန်နိုင်ငံတို့သည် အိုကီနာဝါကျွန်းပေါ်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှင့်ပတ်သက်၍ သဘောတူညီမှုတစ်ခု ပြုလုပ်နိုင်ခဲ့သည်ဟုသောကြာနေ့ကထုတ်ပြန်ကြေညာခဲ့သည်။ သတင်းကြေညာချက်တွင် ၂၀၀၆ခုနှစ်က သဘောတူညီထားသည့်အတိုင်း ကျွန်းပေါ်ရှိ ဖူတင်းမားရေတပ်စခန်းကို တောင်ဘက်တွင်တည်ရှိသော ကျွန်းပေါ်ရှိ ဟေနိုကိုဒေသလို့ ပြောင်းရွှေ့ပေးမည်ဖြစ်သည်။ အဆိုပါကြေညာချက်တွင် ဒေသတွင်းလုံခြုံရေးအတွက် အမေရိကန် တပ်ဖွဲ့များ ဆက်လက်တည်ရှိရန်လိုအပ်သည်ဟုဂျပန်ဝန်ကြီးချုပ်က ပြောဆိုသည်။ ဂျပန်-အမေရိကန် မဟာမိတ်အဖွဲ့သည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအတွက်သာမက အာရှပစိဖိတ်ဒေသတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ လွန်စွာအရေးကြီးသည်ဟု ဖော်ပြထားသည်။ မကြာသေးမီက အရှေ့မြောက် အာရှဒေသအတွင်း ဖြစ်ပွားခဲ့သော ကိစ္စရပ်များက ဤအချက်ကို သက်သေထူလျက်ရှိသည်ဟု ဖော်ပြထားသည်။ စစ်လေ့ကျင့်ရေးစခန်းကိုမူ တိုကူနိုရှီးမားကျွန်းသို့ ပြောင်းရွှေ့ပေးရဖွယ် ရှိပေသည်။ (အေအက်ဖ်ပီ)

# သတင်းအတို

## မြန်မာနိုင်ငံရှိ ရဲရွာ RCC တမံမှာ ကမ္ဘာ့ဒသမမြောက် အမြင့်ဆုံးတမံဖြစ်ကြောင်းသိရ

မြန်မာနိုင်ငံရှိ ရဲရွာ RCC တမံမှာ ကမ္ဘာ့ဒသမမြောက် အမြင့်ဆုံးတမံဖြစ်ကြောင်း နေပြည်တော်ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးစက်ရုံရဲရွာခန်းမ၌ ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲမှ သတင်းရရှိပါသည်။ အောင်မြင်စွာတည်ဆောက်ခဲ့သည့် ကမ္ဘာ့ RCC တမံကြီးများအကြောင်း အလုပ်ရုံ ဆွေးနွေးပွဲအား မေလ ၁၅ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းအလုပ်ရုံဆွေးနွေးပွဲ၌ RCC တမံကြီးများအကြောင်း၊ အောင်မြင်စွာတည်ဆောက်ခဲ့သည့် RCC တမံကြီးများ၊ RCC တမံကြီးများ တည်ဆောက်ပုံနည်းစနစ်များ၊ အနာဂတ်အတွက် တည် ဆောက်မည့် RCC တမံကြီးများအကြောင်းနှင့်သုံးသပ်ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ ကမ္ဘာ့အမြင့်ဆုံး RCC တမံကြီးများ စာရင်းတွင် တရုတ်နိုင်ငံမှ Longtan RCC တမံမှာ ၂၁၇မီတာဖြင့် အမြင့်ဆုံးဖြစ်ပြီး မြန်မာနိုင်ငံတွင်တည်ဆောက်ပြီးစီးခဲ့သည့် ရဲရွာRCC တမံမှာ ဒသမမြောက်အမြင့်ဆုံး တမံစာရင်းဝင်ဖြစ်သည်။ ကမ္ဘာ့ထုထည်အကြီးမားဆုံး RCC တမံများ စာရင်းတွင်လည်းတရုတ်နိုင်ငံမှ Longtan RCC တမံမှာ ထုထည်အကြီးမားဆုံးဖြစ်ပြီး မြန်မာနိုင်ငံရှိရဲရွာ RCC တမံမှာလည်း တတိယ ထုထည်အကြီးမားဆုံးစာရင်းဝင်ဖြစ်ကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည့် RCC တမံ ကြီးများ အနက် Upper Still water ( USA)၊ Shapai (China)၊ Olivenhain ( USA)၊ Ghatghar (India)၊ Longtan (China)၊ Yeywa ( Myanmar)၊ Son La ( Vietnam) တို့အား တမံကြီးများအလိုက်အောင်မြင်စွာတည်ဆောက်ခဲ့သည့်နည်းစနစ်များနှင့်ပတ်သက်၍ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၁ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရန်ကုန်မြို့တော်လုံခြုံရေးအရေးကြီးနေရာများနှင့် ဆေးရုံများ၂၄နာရီ လျှပ်စစ်မီးပေးထားဟုဆို

ရန်ကုန်မြို့တော်ရှိလုံခြုံရေးအရ အရေးကြီးသည့် နေရာများနှင့် ဆေးရုံများကို ၂၄နာရီလျှပ်စစ်မီးပေးထားသည်ဟု ရန်ကုန်တိုင်းလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လတ်ကပြောကြားသည်။ ရန်ကုန်မြို့တော်ရှိ လုံခြုံရေးအရ အရေးကြီးနေရာများ၊ ဆေးရုံ၊ရဲစခန်း၊ လေယာဉ်ကွင်းစသည့်တို့ကို ၂၄နာရီလျှပ်စစ်မီးပေးထားကြောင်း၊ မြို့နယ်တစ်မြို့နယ်တွင် A၊ B၊ C အုပ်စုသုံးစုခွဲကာတစ်အုပ်စုလျှင်တစ်ရက်ခြောက်နာရီသာ လျှပ်စစ်မီးပေးဝေကြောင်း၊ ယင်းကဲ့သို့ မီးပေးခြင်းမှာ ယာယီသာဖြစ်ပြီး ယခုလကုန်ပိုင်းအထိသာ ဖြစ်ကြောင်း ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများပြန်လည်ကောင်းမွန်လာပါက ယခင်ကအတိုင်းလျှပ်စစ်မီးပြန်လည်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်း၏ အဆိုအရသိရသည်။ ယင်းအပြင် လုပ်ငန်းသုံးပါဝါမီတာများကိုဖြုတ်သိမ်းရန်ညွှန်ကြားထားကြောင်း၊ လျှပ်စစ်မီးခြောက်နာရီသာရရှိခြင်းကြောင့် ပုဂ္ဂလိကစက်ရုံအချို့နှင့် လုပ်ငန်းအချို့ရပ်ဆိုင်းထားရကြောင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူများထံမှစုံစမ်းသိရှိရကြောင်း ၂၀၁၀ခုနှစ်မေလ ၂၄ရက်နေ့ထုတ် The Voice ဂျာနယ်တွင်ဖော်ပြထားပါသည်။

## လမ်းမှ ဖြတ်တားသူများအား ရပ်တန့်မှုမပြုရန်မော်လမြိုင်-ရန်ကုန်အဝေးပြေးမှန်လုံယာဉ်များကိုတားမြစ်ထား

မွန်ပြည်နယ် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ပြေးဆွဲနေသော မှန်လုံခရီးသည်တင်ယာဉ်များသည် လမ်းမှဖြတ်တား၍ ကုန်ပစ္စည်းတင်မည့် သူများကို လုံခြုံရေးအရ ရပ်တန့်မှု မပြုလုပ်ရန် တားမြစ်ထားကြောင်းပြည်နယ် မ.ထ. သ မှ သိရှိရသည်။ "ရန်ကုန်သင်္ကြန်ဗုံးပေါက်ကွဲပြီးတဲ့နောက်ပိုင်း၊ ယာဉ်နဲ့ခရီးသည်လုံခြုံရေးကို အလေးထားဆောင်ရွက်ပေးနေပါတယ်။ ယာဉ်တွေကို အချိတ်ဆက်မိမိ တစ်စီးနဲ့တစ်စီးထိန်းပြီးမောင်းစေပါတယ်။ လမ်းခရီးမြို့တွေက စီးမယ့်ခရီးသည်တွေကို သတ်မှတ်ဂိတ်တွေမှာ စီးစေပါတယ်။ လမ်းမှာကုန်ပစ္စည်းတွေနဲ့ လက်ပြတားတာမျိုးစိတ်မချရတာမို့ ကားရပ်မပေးဖို့ ညွှန်ကြားထားပါတယ်" ဟုပြည်နယ် မထသ တာဝန်ရှိသူကဆိုသည်။ မော်လမြိုင်-ရန်ကုန်နေ့စဉ်မှန်လုံခရီးသည်တင်ယာဉ် ၂၇စီးမှ ၃၅စီးပြေးဆွဲကြောင်း ၂၀၁၀ခုနှစ်မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပြည်တွင်းအလုပ်အကိုင် အေဂျင်စီတွေ တရားဝင်လုပ်ခွင့်ရမည်

သည်လပထမပတ်မှာ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတွေ တရားဝင်လုပ်ကိုင်ခွင့်ရဖို့ အလုပ်သမားညွှန်ကြားမှုဦးစီဌာနက ညွှန်ကြားထုတ်ပြန်ပြီလို့ အေဂျင်စီ တချို့ထံမှ သိရပါတယ်။ တရားဝင်မှတ်ပုံတင်ဖို့ အထောက်အထားတွေဖြစ်တဲ့ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ လုပ်ကိုင်သူရဲ့ မှတ်ပုံတင်၊ သန်းခေါင်စာရင်း စတဲ့အချက်အလက်တွေ ယူထားပြီးပါပြီ။ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီတစ်ခုက တာဝန်ရှိသူတစ်ဦးက " အချက်အလက်တွေ တောင်းထားပြီး တရားဝင်လုပ်ကိုင်ခွင့် ချမှတ်ပေးမှာ ဖြစ်တယ်၊ မှတ်ပုံတင်ကြေးတော့ မသိသေးဘူး " လို့ ပြောပါတယ်။ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေ တရားဝင်လုပ်ကိုင်ခွင့်ရတဲ့အခါ လုပ်ငန်းရှင်တွေ အလုပ်ခေါ်ယူရင် သက်ဆိုင်ရာလေဘာရုံးတွေကို အရင်ဆုံးအကြောင်းကြားပြီးမှ အလုပ်ရှာဖွေပေးရမှာဖြစ်တယ်။ အေဂျင်စီတွေအနေနဲ့ တရားဝင်မှတ်ပုံတင်ရမှာဖြစ်တဲ့အတွက် တကယ်လုပ်နိုင်မယ့်သူတွေပဲ ကျန်ခဲ့မှာဖြစ်တာကြောင့် အဆင်ပြေတယ်လို့ သိရတယ်။ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီတစ်ခုက " အေဂျင်စီတွေ တရားဝင်ဖြစ်ရင် ကျွန်တော်တို့ အတွက်ပိုအဆင်ပြေတယ်၊ လုပ်ငန်းရှင်အချို့က အလုပ်ခေါ်ယူပြီး ကျွန်တော်တို့ရှာပေးတဲ့ဝန်ထမ်းကို ခန့်အပ်ပေမဲ့ ဝန်ဆောင်ခမပေးချင်လို့ မခန့်ဖြစ်ဘူးလို့ ပြောတာတွေ ကြုံရတယ်၊ အခုလို တရားဝင်လုပ်ကိုင်ခွင့်ရရင် ကျွန်တော်တို့ဘက်က ပြန်ပြီးအရေးယူလို့ရပြီ" လို့ဆိုတယ်။ လုပ်ငန်းရှင်တချို့က အခုကတည်းက မိမိမှာရှိတဲ့ ဝန်ထမ်းစာရင်းကို သက်ဆိုင်ရာလေဘာရုံးမှာ စာရင်းသွင်းထားကြတယ်လို့ ဆိုတယ်။ အခုလို ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေ တရားဝင်လုပ်ခွင့်ရရင် အလုပ်သမားဥပဒေနဲ့အညီ အလုပ်ရှင်ရော အလုပ်သမားပါ လိုက်နာရမှာဖြစ်တယ်လို့ သိရတယ်။ လက်တလောမှာ ပြည်တွင်းအလုပ်အကိုင်အခြေအနေက ပုံမှန်အတိုင်းပဲ ရှိနေတယ်လို့ အေဂျင်စီတချို့ကပြောကြောင်း ၂၀၁၀ခုနှစ် မေလ ၂၁ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## Dr.Jose Luis Herce - Vigil မှ " Transfer of Technology and Creation of SMEs in Developed and Developing Countries" ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော ဘာသာရပ်ဆိုင်ရာဟောပြောပွဲ( မေ/၂၀၁၀)ကိုမေ ၂၆ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ယင်းဟောပြောပွဲတွင် WIPO, Singapore Office မှ Project Manager, Dr.Jose Luis Herce- Vigil က Transfer of Technology and Creation of SMEs in Developed and Developing Countries ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲသို့ UMFCCI နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း၂၀၁၀ခုနှစ်မေလ ၂၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖော်ပြထားပါသည်။

## ပြည်တွင်းသုံး ၂၄လက်မ ကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှ ဓာတ်ငွေ့များ မေလတတိယပတ်အတွင်း ရန်ကုန်မြို့သို့ စမ်းသပ်ပို့လွှတ်မည်

မုတ္တမကမ်းလွန်မှ သွယ်တန်းလျက်ရှိသည့် ၂၄လက်မကမ်းလွန်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း ပြီးဆုံးသွားပြီဖြစ်ရာ လျှပ်စစ်ဓာတ်အားရရှိရေး လည်ပတ်မည့် စက်ယန္တရားများ တပ်ဆင်ပြီးစီးပါက လျှပ်စစ်မီးများပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ၂၄လက်မပိုက်လိုင်းမှ သဘာဝဓာတ်ငွေ့များ မေလ တတိယပတ်အတွင်း ရန်ကုန်မြို့သို့ စမ်းသပ်ပို့လွှတ် မည်ဖြစ် ကြောင်း သတင်းရရှိသည်။ အလားတူပင် ယင်း ၂၄လက်မ ပိုက်လိုင်းသွယ်တန်းမှုနှင့်ပတ်သက်၍ ပိုက်လိုင်းသွယ်တန်းမှုစီမံကိန်း၏ ကမ်းလွန်သဘာဝဓာတ်ငွေ့ ထိန်းချုပ်တိုင်း တာဖြန့်ဖြူးရေးစခန်း(ရွာမ)နှင့် သဘာဝဓာတ်ငွေ့လက်ခံစခန်း(အလုံ) တည်ဆောက်ရေးလုပ်ငန်း များရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပြည်တွင်းရေကြောင်း သင်္ဘောများ မုန်တိုင်းမကျရောက်မီ ၁၂နာရီအတွင်း မုန်တိုင်းနားခိုရာသို့ ရွှေ့ပြောင်းပြီး ပန်းဆိုးတန်း- ဒလကူးတို့ကို မုန်တိုင်းမဝင်မီ တစ်နာရီအထိ ပြေးဆွဲပေးသွားမည်

သဘာဝဘေးအန္တရာယ်များတွင် တစ်ခုအပါအဝင် ဖြစ်သည့် မုန်တိုင်းအန္တရာယ်နှင့် ကြုံတွေ့လာရပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများအား မုန်တိုင်းမ ကျရောက်မီ ၁၂နာရီ အတွင်း မုန်တိုင်းနားခိုရာ နေရာသို့ ရွှေ့ပြောင်းပေးပြီး ပန်းဆိုးတန်း- ဒလ ကူးတို့လမ်းကိုမူ မုန်တိုင်းမဝင်မီ တစ်နာရီအလိုအထိ ပြေးဆွဲပေးသွားမည်ဖြစ် ကြောင်းပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဦးဆောင်ညွှန်ကြားရေး မှူးဦးစိုးတင့် ကပြောပြခဲ့ပါသည်။ " နာဂစ်မုန်တိုင်းဖြစ်ပြီးတော့ ကမ်းတင်၊ နစ်မြုပ်နေတဲ့ သင်္ဘောတွေကို ပြန်ပြီး ဖော်ဆယ်ပြုပြင်ခဲ့တယ်။ တဖက်မှာလည်း နောက်ဒီလိုမျိုးထပ်ဖြစ်လာရင် ဆုံးရှုံးမှု နည်းအောင် သင်္ဘောတွေ မုန်တိုင်းနားခိုဖို့နေရာ ၊ မုန်တိုင်းလာရင်လုပ်ဆောင်ရမယ့် အဆင့်တွေအလိုက် အရောင်သတ်မှတ်ချက်တွေ၊ စတာတွေကို ညှိနှိုင်းဆွေးနွေးလုပ်ဆောင်ခဲ့တယ်" ဟုပြည်တွင်းရေကြောင်း မှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ထိုသို့ မုန်တိုင်းအန္တရာယ်ကျရောက်ပါက လုပ်ဆောင်ရမည့် သတ်မှတ်ချက်များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောများအား မုန်တိုင်းမကျရောက်မီ ၁၂နာရီအတွင်း မုန်တိုင်းနားခိုရာသတ်မှတ်နေရာအသီးသီးသို့ အရောက်သွားရန် ပါရှိသော်လည်း ပန်းဆိုးတန်း- ဒလကူးတို့လမ်းတို့မှု မုန်တိုင်းမဝင်မီ တစ်နာရီအလို အချိန်အထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၆ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ပုဂ္ဂလိက ဘိလပ်မြေစက်ရုံ ၆ ခုတည်ဆောက်ရန် ထပ်မံခွင့်ပြု

မြန်မာနိုင်ငံတွင် ဘိလပ်မြေထုတ်လုပ်မှု မြင့်တက်လာစေရန် ပုဂ္ဂလိကဘိလပ်မြေစက်ရုံ ၆ရုံကို တည်ဆောက်ရန် ဆက်လက်ခွင့်ပြုလျက်ရှိကြောင်း သိရသည်။ ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း ဘိလပ်မြေစက်ရုံ နှစ်ဆယ်ကျော် ရှိလာမည်ဖြစ်ကြောင်း ဘိလပ်မြေထုတ်လုပ်မှုနှင့် ပတ်သက်၍ စာတမ်းပြုစုထားသူ ပညာရှင် တစ်ဦးကပြောသည်။ " ရှမ်းပြည်နယ်တောင်ပိုင်း တီကျစ်မြို့အနီးက PNO ပိုင် နဂါးဘိလပ်မြေစက်ရုံကလည်း ဆောက်ပြီးသွားပါပြီ။ ၆ လလောက်အတွင်း လုပ်ငန်းလည်ပတ်ဖို့ စီစဉ်နေပါတယ်။ အဲဒါဆိုရင်တော့ မြန်မာနိုင်ငံမှာ ဘိလပ်မြေစက်ရုံ ၁၄ ရုံရှိလာတော့မှာပါ။ ကျွန်တော်သိတဲ့အထဲမှာတော့ ပုဂ္ဂလိကစက်ရုံ ၆ ရုံ ထပ်မံတည်ဆောက်ခွင့်ပြုထားပါတယ် " ဟုၾင်းကပြောသည်။ ယခုအခါ ပြည်တွင်း၌ တစ်နှစ်လျှင် ဘိလပ်မြေတန်ချိန် အနည်းဆုံး ၅သန်း လိုအပ်လျက်ရှိပြီး လက်ရှိထုတ်လုပ်မှုမှာ တန်ချိန် ၂သန်း မပြည့်သေးကြောင်း သိရသည်။ ယခုနှစ် ဧပြီနှင့် မေလများတွင် စက်မှု ၁ ၏ နေပြည်တော်ဘိလပ်မြေစက်ရုံ၊ ဦးဇော်ဇော်၏ မက်စ်ဘိလပ်မြေစက်ရုံနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့တော်ဘိလပ်မြေစက်ရုံတို့ကို ဖွင့်လှစ်ခဲ့ကြောင်း ၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သုံးစွဲသူနည်းသော အင်တာနက်ဆိုင်များ လိုင်းခွဲရောင်းချခြင်းဖြင့် ရပ်တည်လာ

မန္တလေးမြို့ရှိ သုံးစွဲသူနည်းသော အင်တာနက်ဆိုင်များမှာ အခြားအိမ်များသို့ လိုင်းခွဲရောင်းချပေးခြင်းဖြင့် ရပ်တည်လာကြကြောင်းသိရသည်။ မန္တလေးမြို့တွင် အင်တာနက် သုံးစွဲသူများမှာ အင်တာနက်သုံးစွဲရာတွင် ဈေးနှုန်းအပြင် Webcam, Earphone တို့ပြည့်စုံမှုရှိမရှိ၊ အဲယားကွန်းအေးမအေး၊ သုံးစွဲရာတွင် Privacy ရှိမရှိတို့ကိုပါ စဉ်းစား၍ ၎င်းတို့၏ လိုအပ်ချက်များ ပြည့်စုံမှုရှိသည့်ဆိုင်များကိုသာ ရွေးချယ်လာကြရာ အချို့ဆိုင်များတွင် လိုင်းခွဲရောင်းပေးမှသာ စီးပွားရေးအရ အဆင်ပြေနိုင်ကြောင်း အင်တာနက်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးမှ ရှင်းပြသည်။ "အင်တာနက်သုံးတဲ့သူတွေအနေနဲ့ အဲကွန်းအေးတဲ့ဆိုင်ကို ရွေးပြီး အများဆုံးသုံးဖြစ်ကြတယ်။ ဒီဘက်ပိုင်းမှာ မီးမလာတာများတော့ အဲကွန်းအတွက် ဂျင်နရေတာသုံးရင်မကိုက်တော့ ပန်ကာလောက်ပဲ ဖွင့်ပေးဖြစ်တယ်။ အဲဒါကြောင့် နေ့ခင်းပိုင်းတွေမှာ လူသိပ်မလာတော့ ဆိုင်စရိတ်ကာမိအောင် ဘေးအိမ်တွေကို Router သုံးပြီး လိုင်းခွဲပြီးရောင်းပေးထားတယ်။ လောလောဆယ်တော့ ဆယ်အိမ်လောက်လိုင်းခွဲပေးထားပြီး တစ်လိုင်းကို တစ်လနှစ်သောင်းနှုန်း ယူပါတယ်" ဟု မြို့သစ်ပိုင်းမှ အင်တာနက်ဆိုင်ဖွင့်ထားသူတစ်ဦးက ပြောကြားသည်။ "အိမ်မှာက Laptop ရှိတော့ အားတဲ့အချိန်မှာ အင်တာနက်သုံးလို့ရအောင်ဆိုပြီး ဘေးကအင်တာနက်ဆိုင်ကနေ လိုင်းခွဲပြီး ယူထားတာပါ။ ကော်နက်ရှင်ကတော့ ဆိုင်မှာသုံးသလိုပါပဲ။ ကောင်းတဲ့အခါလည်းရှိသလို မကောင်းတဲ့အခါလည်း ရှိတာပေါ့။ ဒါပေမဲ့ တစ်လနှစ်သောင်းနဲ့ အိမ်မှာအင်တာနက်လိုင်း ရှိနေတော့ ကြိုက်တဲ့အချိန်မှာ အင်တာနက်သုံးလို့ရတယ်။ လွတ်လွတ်လပ်လပ်လည်း သုံးလို့ရတယ်ဆိုတော့ အဆင်ပြေပါတယ် " ဟု အင်တာနက်အသုံးပြုသူတစ်ဦးမှ ပြောကြောင်း ၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် အင်တာနက် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ပထမဆုံး လိုင်စင်ရ ပုဂ္ဂလိက ဆီဆိုင်ဖွင့်

နေပြည်တော်၏ ပထမဆုံးပုဂ္ဂလိက စက်သုံးဆီဆိုင်ကို နီလာရိုးမကုမ္ပဏီက ယခင် "နီလာရိုးမ" စက်သုံးဆီဆိုင်ဟောင်းနေရာတွင် မေလ ၂၃ရက်နေ့က ပြန်လည်ဖွင့်လှစ်ရောင်းချခဲ့သည်။ "ခုဖွင့်တာက နီလာရိုးမ တစ်ဦးတည်းပိုင်ပါ။ လက်ရှိရောင်းပေးနေတာက ဒီဇယ်ဆီပါ။ ဓါတ်ဆီရောင်းဖို့ လိုင်စင်က ရထားပြီးပါပြီ။ Ground Tank တပ်ဆင်မပြီးသေးလို့ မရောင်းဖြစ်တာပါ။ ဈေးနှုန်းတွေလည်း ရန်ကုန်ဈေးထက် ပို့ဆောင်ခပဲများပါတယ်" ဟု ဆိုင်မန်နေဂျာ ဦးခင်လှိုင်က ပြောသည်။ ၂၀၀၀ ပြည့်နှစ်က ရောင်းအားမှာ တစ်ရက်ကို ဂါလန် ၁၅၀၀၊ ၁၆၀၀ ရောင်းအားရှိကြောင်း၊ ယခုဆိုင်မှာ မကြာသေးမီကမှ ဖွင့်ခြင်းဖြစ်၍ တစ်ရက်လျှင် ဂါလန် ၈၀၀ လောက်သာ ရောင်းရကြောင်း ၎င်းကပြောသည်။ " ဖွန်လဆန်းမှာ စာအုပ်နဲ့ထုတ်ရတဲ့ အစိုးရဆီပန့်တွေ ပိတ်မယ်ကြားတယ်။ အဲဒီအချိန်ဆိုရင် ဟိုးအရင်နှစ်တွေကလို ရောင်းအားပြန်တက်လာမှာပါ " ဟု ဦးခင်လှိုင်က ဆိုသည်။ နီလာရိုးမ စက်သုံးဆီအရောင်းဆိုင်မှ ရောင်းချလျက်ရှိသည့် ဒီဇယ်ဆီများမှာ နိုင်ငံခြားမှတင်သွင်းသည့် ဗီပါဒီဇယ်များဖြစ်ပြီး လက်ရှိပေါက်ဈေးမှာ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၃၄၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း ၂၀၁၀ခုနှစ် မေလ ၂၈ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

။

# ရန်ကုန်ရှိ ဖိုင်ဘာဆက်ကြောင်းများ ဂစ်ဂါဘိုက်နက်ဝပ်သို့ အဆင့်မြှင့်

အိမ်တိုင်ရာရောက်ဖိုင်ဘာစနစ် Fiber To The Home (FTTH) ဖြင့် အင်တာနက်သုံးစွဲနိုင်ရန် ရန်ကုန်ရှိ ဖိုင်ဘာဆက်ကြောင်းများကို စက်ပစ္စည်းများ ထပ်မံတပ်ဆင်ပြီး Metro GE (Gigabyte Ethemet) Network အဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ " ရန်ကုန်မှာရှိပြီးသား ဖိုင်ဘာဆက်ကြောင်းတွေကို မဂ္ဂါဘိုက်ကနေ ဂစ်ဂါဘိုက်အထိ တိုးမြှင့်ပြီး ဂစ်ဂါဘိုက်နက်ဝပ်ဖြစ်အောင် လုပ်နေပါတယ်။ မန္တလေးကတော့ Virgin Network ဖြစ်တဲ့အတွက် ပိုလွယ်တယ်။ ရန်ကုန်မှာ တစ်မြို့လုံးမဟုတ်တောင် တစ်စိတ်တစ်ပိုင်းအနေနဲ့ အကောင်အထည်စဖော်ဖို့ ရှိပါတယ် " ဟု ၄င်းကပြောသည်။ လက်ရှိအနေအထားအရ လိုအပ်သော Bandwidth Capacity မရနိုင်သေးသဖြင့် အဆင့်မြှင့်တင်ရခြင်းဖြစ်ကာ ကုမ္ပဏီလေးငါးခုခန့်ကိုလည်း Local Service Provider များအဖြစ် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။ ယင်းအိမ်တိုင်ရာရောက် ဖိုင်ဘာဖြင့် သွယ်တန်းအသုံးပြုရမည့် အင်တာနက်စနစ်ကို ရန်ကုန်ရှိ အိုင်တီရှော့ပင်းမောလ်များကလည်း စိတ်ဝင်စားနေပြီး ရတနာပုံတယ်လီပို့သို့ လျှောက်ထားကာ စောင့်ဆိုင်းနေကြကြောင်း ၂၀၁၀ခုနှစ် မေလ ၂၈ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်

# ပညာရှိအဆိုအမိန့်

အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

အနှိုင်းမဲ့အဖော်

ဘာပစ္စည်းကိုင်ချင်ကိုင်ချင် လက်ရှိမှ ကိုင်လို့ရသလို ဘာကုသိုလ်လုပ်ချင်လုပ်ချင် သဒ္ဓါရှိမှ လုပ်လို့ရတာမို့ သဒ္ဓါဟာ လက်နဲ့ပလည်း တူပါတယ်။ ဘာအသီး အပွင့် လိုချင်လိုချင် မျိုးစေ့ရှိမှ သစ်ပင်က တစ်ဆင့် ရရှိနိုင်သလို ဘာကောင်းကျိုးချမ်းသာ လိုချင် လိုချင် မျိုးစေ့နဲ့လည်း တူပါတယ်။

သဒ္ဓါနဲ့ပညာ ညီမျှမှ စစ်မှန်တဲ့ သဒ္ဓါတရားဖြစ်နိုင်ပါတယ်။ သဒ္ဓါလွန်ကဲပြီး ပညာအားနည်းနေရင် မယုံသင့်တာတွေယုံပြီး မကိုးကွယ်သင့်တာတွေ ကိုးကွယ်မိတတ်ပါတယ်။ ထေရဝါဒနဲ့ မပတ်သက်တာတွေ ကိုးကွယ်နေတာဟာ သဒ္ဓါနောက် ပညာမလိုက်နိုင်လို့ပါ။

အပေါ်ယံ ယုံကြည်တဲ့ ပသာဒသဒ္ဓါ၊ ဉာဏ်ယှဉ်ပြီး သက်ဝင်ယုံကြည်တဲ့ ဩကပ္ပနသဒ္ဓါ၊ အရိယာဖြစ်ပြီး ယုံကြည်တဲ့ အဓိဂမသဒ္ဓါ၊ ဘုရားအလောင်းတော်ဘဝနဲ့ တောက်လျှောက်ယုံကြည်တဲ့ အာဂမနိယ သဒ္ဓါလို့ သဒ္ဓါလေးမျိုးရှိပါတယ်။

သဒ္ဓါတရား မရှိသူကို ရှောင်ကြဉ်ခြင်း၊ သဒ္ဓါတရားရှိသူကို ပေါင်းသင်းခြင်း၊ သဒ္ဓါတရားဖြစ်ဖွယ် တရားတော်တွေကို နှလုံးသွင်းဆင်ခြင်ခြင်းဖြင့် ကိုယ့်ရဲ့သဒ္ဓါတရားကို တိုးပွားလာအောင် ပြုလုပ်နိုင်ပါတယ်။ တရားနာခြင်းကြောင့် သဒ္ဓါထက်လာနိုင်ပါတယ်။ တက်သဒ္ဓါ၊ ထက်သဒ္ဓါဟာ ကိုယ့်ဘဝရဲ့ အကောင်းဆုံးအဖော်ပါပဲ။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က သဒ္ဓါတရားဟာ အနှိုင်းမဲ့အဖော်ဖြစ်တယ်လို့ "သဒ္ဓါဒုတိယာ ပုရိသဿ ဟောတိ"၊ "သဒ္ဒီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ"ဆိုတဲ့ စကားတော်တွေနဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း သဒ္ဓါတရားဆိုတဲ့ အနှိုင်းမဲ့အဖော်နဲ့ ထာဝရလက်တွဲ မခွဲမခွာ ပေါင်းသင်းသွားနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

အနှိုင်းမဲ့လာဘ်

လောကမှာ ရှိရှိသမျှ လာဘ်အားလုံးထဲမှာ ကျန်းမာခြင်းလာဘ်ဟာ အနှိုင်းမဲ့လာဘ်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျန်းမာခြင်းလာဘ်ထက်ပိုပြီး ရယူချင်စရာကောင်းပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားလာဘ် မရှိတော့လို့ပါပဲ။

ကျန်းမာခြင်းလာဘ်နဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားလာဘ် လောကမှာ မရှိတော့တဲ့အတွက် ကျန်းမာခြင်းလာဘ်ဟာ အနှိုင်းမဲ့လာဘ်ဖြစ်ပါတယ်။

လာဘ်ဆိုတာ "ရရှိခြင်း"ကို ခေါ်တာပါ။ လာဘဆိုတဲ့ ပါဠိကဆင်းသက်လာပါတယ်။ လောကမှာ လူသားတိုင်း၊  လူသားတိုင်း "ရရှိခြင်း"ကို နှစ်သက်ကြပါတယ်။ ပစ္စည်းဥစ္စာကို ရရင်ပျော်တယ်ယ။ ရာထူးအာဏာကို ရရင် ပျော်တယ်။ မိတ်ကောင်းဆွေကောင်းကို ရရင်ပျော်တယ်။ ချစ်သူ ခင်သူကို ရရင်ပျော်တယ်. . . .။ အဲဒီလို စသည်အားဖြင့် ကောင်းမြတ်တဲ့ရရှိခြင်းမှန်သမျှကို လူသားတိုင်း နှစ်သက်ကြပါတယ်။

ရရှိခြင်းတစ်ခုခုနဲ့ တွေ့ကြုံရတိုင်း လူသားတွေရဲ့စိတ်မှာ ဝမ်းသာပျော်ရွှင်မှု၊ နှစ်သက်ကြည်နူးမှု ဖြစ်ရပါတယ်။ စိတ်ချမ်းသာရပါတယ်ယ။ အဲဒီလို လူသားတွေရဲ့ စိတ်ကို နှစ်သက်ပျော်ရွှင်စေနိုင်တဲ့၊ လူသားတွေကို စိတ်ချမ်းသာစေနိုင်တဲ့ ရရှိခြင်းတွေအားလုံးထဲမှာ ကျန်းမာမှုကို ရရှိခြင်းဟာ အကောင်းဆုံး၊ အမြတ်ဆုံးရရှိခြင်းဖြစ်ပါတယ်။

ကျန်းမာမှုကိုမှ မရဘူးဆိုရင် တခြားရရှိထားတဲ့အရာအားလုံးဟာ မရတာနဲ့အတူတူပါပဲ။ ကျန်းမာခြင်းလာဘ်ကို မရတဲ့သူအတွက် တခြားလာဘ်တွေကို ရထားပေမယ့် ရတယ်လို့ မခေါ်ဆိုနိုင်တော့ပါဘူး။

ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပဲ ရရ၊ ရာထူးအာဏာတွေ ဘယ်လောက်ပဲရရ၊ မိတ်ကောင်းဆွေကောင်းတွေ၊ ချစ်သူခင်သူတွေ ဘယ်လာက်ပဲ ရရ၊ ကိုယ်ကကျန်းမာရေး မကောင်းဘူးဆိုရင် အဲဒီရထားတဲ့ ပစ္စည်းဥစ္စာစသည်ဟာ ရတာနဲ့မတူတော့ဘူး။ မရဘူးလို့ပဲ ခေါ်ရတော့မှာပဲ၊ ဘာလို့လဲဆိုတော့ အဲဒါတွေကို သုံးခွင့်မရတော့လို့ပါ။

ဆက်ရန်

# ဟာသ

## ကယ်တင်ချင်လို့

ရုံးမှပြန်လာသော ယောက်ျားက မိန်းမကိုပြောသည်။

"မိန်းမရေ၊ မနက်ဖြန်ညနေ အိမ်မှာ ထမင်းလာစားဖို့ ငါ့သူငယ်ချင်းကို ဖိတ်ခဲ့တယ်ဟေ့"

"ဖိတ်ခဲ့တယ်ဟုတ်လား၊ ကြားကြရဲ့လား အရပ်ကတို့ရေ၊  အိမ်မှာ ကလေးတွေကနေမကောင်းဘူး၊ လျှော်စရာ ဖွတ်စရာတွေကလဲ တစ်ပုံကြီး၊ စားစရာသောက်စရာဆိုလို့ ဘာမှ မရှိဘူး၊ သန့်ရှင်းရေးမလုပ်နိုင်လို့ အခန်းထဲမှာ ရှုပ်ပွနေတယ်၊ ဒီကြားထဲ ဧည့်သည်ကို ထမင်းစားဖို့ ဖိတ်ခဲ့သတဲ့"

"အဲဒါကြောင့်ကို တမင်ဖိတ်ခဲ့တာကွ၊ သူကငါ့ရဲ့အချစ်ဆုံး သူငယ်ချင်း၊ သူ့ကို ကယ်တင်ဖို့ ငါ့မှာ တာဝန်ရှိတယ်ကွ"

"ကယ်တင်မယ်ဟုတ်လား၊ ဘယ်လိုကယ်တင်မလို့လဲတော်"

"ခုတလော၊ မိန်းမယူချင်တဲ့ စိတ်ရူးတွေ သူ့ဆီမှာ အကြာခဏ ပေါ်နေတယ်ကွ"

## မြင်မြင်ချင်းချစ်တာမဟုတ်ပါ

"ဒုတိယအကြိမ်မြင်တော့မှ မောင်နဲ့မတို့ကြားမှာ မေတ္တာဓာတ် ပေါက်ဖွားလာတယ်လို့ ဘာဖြစ်လို့ ပြောတာလဲဟင်"

"ပထမအကြိမ်တွေ့တုန်းက ရှင့်မှာ ပိုက်ဆံရှိမှန်း ကျွန်မမှမသိဘဲ"

## မတူဘူးလေ

သန်းကြွယ်သူဌေးသည် တက္ကစီသမားကို ကျသင့်ငွေအပြင် နောက်ထပ် ငါးဒေါ်လာကို ဘောက်ဆူးအဖြစ် ထပ်ပေးလိုက်သည်၊ တက္ကစီသမားက ပြောသည်ဒ

"စကားမစပ် မနေ့က လူကြီးမင်းရဲ့သမီးကို သူသွားချင်တဲ့နေရာကို လိုက်ပို့အပြီးမှာ ဆယ်ဒေါ်လာတောင် ဘောက်ဆူးပေးတယ်ခင်ဗျ"

"သူကတော့ ပေးနိုင်မယ်လေ၊ သူ့အဖေက သူဌေးမဟုတ်လား၊ ကျုပ်ကတော့ ဒါလောက်ပဲပေးနိုင်တယ်၊ ကျုပ်မှာ မိဘနှစ်ပါးစလုံး မရှိတော့ဘူး"

## အကျင့်

"မိန်းမရေ၊ ငါသေရင် ငါ့ကို မီးသဂြိုဟ်ပေးပါ"

"ဘယ်လောက်ကျမလဲ"

"ဒေါ်လာငါးထောင်"

"အင်း ရှင်ဟာသေတဲ့အထိ ဈေးကြီးတာမှ ကြိုက်တဲ့အကျင့် မပျောက်သေးဘူးနော်"

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

May 28th မှ June 3th ကြား

တစ်ကိုယ်တော်လှုပ်ရှားမှုနှင့် တိုးတက်မှုများရမည်။ အခက်အခဲများကို ဖြေရှင်းသောအခါတစ်ပါးသူအပေါ် မှီခို၍မရ။ အရာရာကိုယ်တိုင် လိုက်လံဖြေရှင်းက အလုံးစုံအဆင်ပြေမည်။ ငွေကြေးလက်လွန်တတ်သည်။ နစ်နာဆုံးရှုံးမှုများဖြစ်တတ်သည်။ ကိုယ့်အပေါ်ကူညီသူမရှိသည့်အပြင် ကိုယ်ကပင် သူတစ်ပါးကိစ္စအတွက် လိုက်လံကူညီရသော အနေအထားရှိမည်။ မိသားစုအတွက် စိတ်ပန်း၊ လူပန်းဖြစ်ရသော အနေအထားရှိမည်။ ပညာသင်တန်းနှင့် ပတ်သက်သောကံအထူးကောင်းသည်။ ခရီးနှင့်ပတ်သက်သော ကိစ္စများ၊ ပြည်ပနှင့်ပတ်သက်သောကိစ္စများ အောင်မြင်နိုင်သောအနေအထားရှိသည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

May 28th မှ June 3th ကြား

အထင်လွဲမှားမှုများဖြေရှင်းရမည်။ နားလည်မှုလွဲမှားမှုကြောင့် ပြဿနာများဖြစ်တတ်သည်။ အတိုက်အခံ၊ အခက်အခဲများနှင့် ကြုံပြီး ထူးခြားသော တိုးတက်မှုများရမည်။ ဆန့်ကျင်ဘက်ပြုသူများ၊ အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ပြီး တိုးတက်မည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ ပစ္စည်းပျောက်တတ်သည်။ အရေးကြီးသော စာရွက်စာတမ်း၊ ငွေကြေးကိစ္စများတွင် သတိနှင့်ယှဉ်ပြီး ဆောင်ရွက်ပါ။ အရပ်ဝေးမှ ကောင်းသော သတင်းစကားနှင့် ထူးခြားသော ပစ္စည်းများရမည်။ မိသားစုတွင် ခြံ၊ကား၊ အခန်းအဟောင်းထွက်၍ အသစ်ဝင်ခြင်း၊ အလဲအလှယ်အပြောင်းအလဲ ရှိမည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုခြင်း အောင်မြင်မည်။ အချင်းချင်း မနာလိုခြင်း ကြုံတွေ့ရမည်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

May 28th မှ June 3th ကြား

ကစဉ့်ကလျား ဖရိုဖရဲနှင့် လုပ်သမျှ မတိမ်းမပါး ဖြစ်တတ်သည်။ ဆုံးဖြတ်ချက်မှားယွင်းမည်။ အရွဲ့တိုက်လိုသောစိတ် အလောတကြီး ဆောင်ရွက်လိုသောဆန္ဒများကြောင့် အခက်အခဲရှိမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ အခက်အခဲများ တစ်ခုပြီးတစ်ခု ရင်ဆိုင်ကျော်လွှားရမည်။ ပူးပေါင်းနေသူများနှင့် လမ်းခွဲရမည်။ ပစ္စည်းအပျောက်အရှုရှိမည်။ အိမ်ပူ၊ အိမ်ဆူခြင်းရှိမည်။ ပျိုရွယ်သူများ ချစ်ကံခေမည်။ ရောင်းမှား ဝယ်မှားဖြစ်မည်။ အကျိုးမရှိသော ခရီးများသွားရမည်။ မရောက်ဖူးသော အရပ်များသွားရမည်။ ခြံ၊ ကား၊ အခန်း အလဲအလှယ် အပြောင်းအလဲ ရှိမည်။ စက်ပစ္စည်း အဝယ်မှားမည်။ အပျက်အစီးများမည်။ ငွေပေးငွေယူ သတိရှိပါ။ စကားများရမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

May 28th မှ June 3th ကြား

အဆိုးအညံ့များကင်းစင်၍ တိုးတက်အောင်မြင်ခြင်းများရှိလင့်ကစား တစ်ပါးသူကတိယုံရန်အသင့်။ စုပေါင်းဆောင်ရွက်သောကိစ္စများတွင် အစပိုင်းမည်မျှခက်စေ အဆုံးပိုင်းတွင် အောင်မြင်ခြင်းများ ကြုံတွေ့ရမည်။ တည်ဆောက်လက်စအဆောက်အဦးများ မပြီးတပြီး ဖြစ်နေသည့် ဆောက်လုပ်ရေးနေရာများသို့ သွားလာရာတွင် သတိရှိပါ။ မတော်တဆထိခိုက်တတ်သည်။ ရေလမ်းခရီးအန္တရာယ်ဂရုစိုက်ပါ။ နေအိမ်သို့အလိုက်မသိသော ဧည့်သည်များ တစ်ဦးပြီးတစ်ဦး ရောက်ရှိတတ်သည်။ မအားလပ်သည်ကို နားမလည် လာရောက်အချိန်ဖြုန်း၍ ဆောင်ရွက်မည့်လုပ်ငန်းများ နှောင့်နှေးတတ်သည်။ အလွန်အမင်းစကားရှည်စွာပြောသောသူကြောင့် အချိန်ကုန်စိတ်ပင်ပန်းရမည်။ မတွေ့လိုသောသူများနှင့် တွေ့မည်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

May 28th မှ June 3th ကြား

အလုပ်အကြံအစည်သစ်များလုပ်ကိုင်၍ ကောင်းသော အကျိုးဆက်များကို ရရှိမည်။ ဆုံးဖြတ်ချက်သစ်များ ချမှတ်၍ လမ်းထွင်ပြီးလုပ်သော ကိစ္စများမှ အောင်မြင်ခြင်းများဖြစ်ထွန်းမည်။ အိုးအိမ်နေရာထိုင်ခင်းပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများဆောင်ရွက်ရမည်။ စာချုပ်စာတမ်းဟောင်းများပြန်လည်ချုပ်ဆိုရမည်။ အရပ်ဝေးနှင့် ဆက်ဆံရသော လုပ်ငန်းများကို အသားပေး၍ ဆောင်ရွက်ရမည်။ အလှူမင်္ဂလာကိစ္စများ၊ ကြိုတင်မစီစဉ်ဘဲဆောင်ရွက်ရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်းဆွေကောင်းတိုးပွားမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ပြည်ပခရီးလမ်းကြောင်းများ ပေါ်ပေါက်အကျိုးပေးမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

May 28th မှ June 3th ကြား

လမ်းသစ်ထွင်၍ လုပ်ကိုင်သောကိစ္စများအောင်မြင်မည်။ သေချာပေါက်စီစဉ်ထားသည်များအလွဲလွဲအချော်ချော်ဖြစ်မည်။ အမျိုးသမီးများအဖို့မိန်မချင်းမနာလိုခြင်း၊ ပဋိပက္ခဖြစ်ခြင်းကြုံမည်။ အထူးသဖြင့်အမည်အတွင်း( အ၊ဉ၊က၊ခ၊င) ပါသူများ၏အတိုက်အခံပြုခြင်း၊ အတင်းအဖျင်းအပြောခံရခြင်းကြုံမည်။ နေရာအပြောင်းအလဲကိစ္စအတွက် ဆောင်ရွက်သူများလိုရာပြည့်မည်။ စိတ်မြန်လက်မြန်လုပ်ခြင်း၊ အလောတကြီးဆောင်ရွက်ခြင်းကြောင့်အခွင့်ကောင်းတစ်ချို့လက်တစ်လုံးခြားဖြစ်မည်။ လုပ်ငန်းခွင်အတွင်းတွဲဖက်လုပ်သူများ၏ ဆောင်ရွက်မှုအလုံးစုံတွင် ပိပိရိရိသေသေသပ်သပ် ဆောင်ရွက်ခြင်းမရှိသောကြောင့် ပြဿနာများဖြစ်မည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

May 28th မှ June 3th ကြား

အခက်အခဲများ တစစလျော့နည်းသွားမည်။ ကြုံတွေ့နေသည့်ပြဿနာများအားဖြေရှင်းရန်နည်းလမ်းနှစ်ခုရမည်။ ကိုယ်တိုင်ထိပ်တိုက်ဖြေရှင်းသော နည်းထက်တစ်ပါးသူအားကြားခံထားဖြေရှင်းနည်းကိုသုံးပါ။ အရပ်ဝေးမှ မျှော်လင့်နေသော သတင်းစကားကောင်းများလက်ခံရရှိမည်။ ပစ္စည်းအပျောက်အရှုများမည်။ မိသားစုတွင်လည်း စက်ဘီး၊ ဆိုင်ကယ်ပျောက်ခြင်း၊ အခိုးခံရခြင်းဖြစ်တတ်သည်။ ရေတွင်း၊ ရေကန်၊ ရေချိုးခန်းအနီးအပါးတွင် ချော်လဲ၍ အရိုးအဆစ်အန္တရာယ်ရှိတတ်သည်။ လုပ်ငန်းခွင်တွင် နေ့စဉ်နှင့်အမျှ ငြိုငြူစောင်းမြောင်း ရန်လိုသောသူများနှင့် ရင်ဆိုင်နေရမည်။ မိမိရပိုင်ခွင့် များကို တမင်ညစ်၍ ပိတ်ဆို့ထားသူများနှင့် တွေ့တတ်သည်။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

May 28th မှ June 3th ကြား

ဆောင်ရွက်သမျှအောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ရည်မှန်းချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ စိတ်ကူးသစ်နှင့် လုပ်သောကိစ္စမှ ထူးခြားသောတက်လမ်းရမည်။ အလုပ်အဆင့် တိုးမည်။ ဝင်ငွေတိုးမည်။ ဥစ္စာပစ္စည်းတိုးပွားမည်။ မိသားစုတွင် လုပ်ငန်းမရှိသူလုပ်ငန်းရမည်။ အိမ်တွင်အလုပ်၊စီးပွားလုပ်ကိုင်နေသူများဝင်ငွေတိုးခြင်း၊ အလုပ်အကြံအောင်ခြင်းဆက်တိုက်ဖြစ်ထွန်းမည် အတတ်ပညာနှင့် ပတ်သက်သော ကံကောင်းသည်။ ပညာသင်တန်းနှင့်ပတ်သက်သော အကျိုးပေးခြင်းရှိမည်။ အရပ်ဝေးနိုင်ငံရပ်ခြားသို့ သွားရောက်ခြင်း၊ ပညာလေ့လာခြင်းကံပွင့်မည်။ ကိုယ်တိုင်တွင် ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ မုချပြည်ပကံရှိသည်။ စုပေါင်းလုပ်ငန်းများ ကမ်းလှမ်းခံရမည်။ လက်ခံနိုင်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

May 28th မှ June 3th ကြား

ရသင့်သောငွေကြေး အပြည့်အဝမရ။ နှုတ်ယူခြင်းခံရတတ်သည်။ ရှေ့တိုးလုပ်ကိုင်ခြင်းထက် နောက်ကြောင်းပြန်၍ ကြည့်ရှုသုံးသပ်ကာ ရည်ရွယ်ချက်အသစ်အကောင်အထည်ဖော်ခြင်း ပြုသင့်သည်။ အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အဆင်မြင့်သုံးသပ်ခြင်းများ ပြုနိုင်မည်။ မတော်တဆထိခိုက်မှုများ သတိပြုရမည်။ နာရေးကိစ္စများလိုက်လံကူညီရမည်။ ကိုယ်တိုင်ကျန်းမာရေး အညံ့ရှိမည်။ အိမ်တွင်လာရောက်နေထိုင်သောသူ၏ ကျန်းမာရေးအညံ့နှင့် ဆေးဝါးကုသမှုကို လိုက်လံကူညီဆောင်ရွက်ပေးရမည်။ အစာအသောက်မှားယွင်းခြင်း၊ ဆေးထိုးဆေးသောက်မှားယွင်းခြင်းများ ဖြစ်တတ်သည်။ အစာအဆိပ်ဖြစ်တတ်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

May 28th မှ June 3th ကြား

ကျန်းမာရေးအထူးဂရုစိုက်ပါ။ မျက်စေ့နာမည်။ လည်ချောင်း၊ လည်ပင်းနာတတ်သည်။ အသံဝင်တတ်သည်။ ရောင်းမှားဝယ်မှား ဖြစ်နိုင်သည်။ အခက်အခဲများ ကြုံပြီးမှ အဆင်ပြေမည်။ အန္တရာယ်နှင့် ပြဿနာများ လွှမ်းမိုးနေသည်။ ရုတ်တရက် ဘေးဥပါဒ်ကျရောက်နိုင်သည်။ တစ်ပါးသူပေါ့ဆမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ ကိုယ့်ထံကူးစက်လာတတ်သည်။ မူလဆုံးဖြတ်ထားသည်ကို ပြင်ပြီးလုပ်ရာမှ အမှားကြုံနိုင်သည်။ လုပ်ငန်းခွင်အတွင်း ပြဿနာပဋိပက္ခများ ကိုကြားဝင်၍ စေ့စပ်ဖြေရှင်းပေးရင်း အထင်လွဲခံရခြင်းနှင့် ရန်အငြိုးထားခံရခြင်းများ ကြုံမည်။ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတို့တွင် သုံးစွဲသည့် ရေအိမ်၊ အိမ်သာပြုပြင်ရန်အလှူလာရောက်ခံက တတ်အားသလောက်လှူပါ။ အလွန်နိမိတ်ကောင်းသည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

May 28th မှ June 3th ကြား

လိုက်လံနှောင့်ယှက်သောသူများနှင့် တွေ့မည်။ ရောက်ရှိနေသည့် အနေအထားမှ နိမ့်ကျလမ်းချော်သွားအောင် တွန်းတိုက်နှောင့်ယှက်သူများရှိသည်။ မြှောက်ထိုးပင့်ကော်ပြု၍ အမှားများကို ပိုမိုဆောင်ရွက်စေကာ အဆင်းဘီးတပ်ခံရမည်။ ကူညီသယောင်နှင့် မိမိအမည်အလွဲသုံးစားလုပ်ကာ နာမည်ဂုဏ်သတင်း ညှိုးမှိန်အောင်ပြုသူများရှိမည်။ အရာရာကိုယ်တိုင်ကိုယ်ကျ အခြေခံကျကျ ဆောင်ရွက်၍ တိုးတက်မှုရရှိမည်။ အလုပ်သစ်၊ အကြံသစ်များ ဆောင်ရွက်တိုးတက်မည်။ စီစဉ်ထားခြင်းမရှိဘဲ အိမ်ပြင်ရမည်။ အသေးစားပြင်ဆင်စရာမှ ရပ်တန့်၍ မရဘဲ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာပြီး အခြားကိစ္စအတွက်သုံးရန် စုဆောင်းထားသောငွေများကို ထုတ်ယူသုံးစွဲရသည်အထိကြုံမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

May 28th မှ June 3th ကြား

အလုပ်(၂)ခုတပြိုင်တည်း ဆောင်ရွက်နိုင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အနီးကပ်လူ ဒုက္ခပေးမည်။ နိုင်ငံခြားကံပွင့်မည်။ သွားရောက်၍လည်း အကျိုးပေးမည်။ စိတ်ကူးသစ်များနှင့် ရည်ရွယ်ချက်သစ်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ရပ်တန့်ဆိုင်းငံ့ထားသော အကြောင်းအရာများကို ပြန်လည်ဆောင်ရွက်နိုင်သည်။ ပူးပေါင်းလာသူများကို လက်တွဲသင့်သည်။ ခက်ခဲသည့်ပြဿနာများ ဖြေရှင်းရမည်။ ဒွိဟဖြစ်နေသော ပြဿနာများကို ပြတ်သားစွာအဖြေရှာ ဆုံးဖြတ်နိုင်သည်။ မိဘအကြီးအကဲများရှိက ကျန်းမာရေးဂရုစိုက်ပေးပါ။ ကိုယ်တိုင်တွင်ဉာဘက်မျက်လုံး ထိခိုက်တတ်သည်။ အရပ်ဝေးသို့မှာယူသော ပစ္စည်းတလွဲတချော်ဖြစ်တတ်သည်။ သေချာစွာဆောင်ရွက်ပါ။

# အားကစား

## ယာယာ တိုရေးလ်အား ယူရို ၂၁သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင် နေသည့် မန်ချက်စတာ ယူနိုက်တက်

အင်္ဂလန် ကလပ် မန်ချက်စတာ ယူနိုက်တက် အသင်းသည် ဘာစီလိုနာ အသင်းမှ ကွင်းလယ် ကစားသမား ယာယာ တိုရေးလ်အား ယူရို ၂၁သန်းဖြင့် ကမ်းလှမ်းရန် ပြင်ဆင်ထားသည်ဟု သိရသည်။သတင်းများ အဆိုအရ မန်ယူ အသင်း မန်နေဂျာ ဆာအဲလက်စ် ဖာဂူဆန်သည် အသင်း၏ ကွင်းလယ်အား အင်အားသစ် ဖြည့်တင်းရန် အလိုရှိနေပြီး အထူးသဖြင့်ဒဏ်ရာများနှင့်သာ ရုန်းကန် နေရသည့် အိုဝင်ဟာဂရေ့ဗ်နှင့် ပုံမှန်ခြေစွမ်း ပျောက်ဆုံးနေသည့် ကာရစ်၊ အန်ဒါဆန် တို့ နေရာတွင် အစားထိုးရန် တိုရေးလ်အားအလိုရှိ နေခြင်းဖြစ်သည်ဟုသိရသည်။ ဖာဂူဆန်သည် အသက် ၂၇နှစ် အရွယ် အိုင်ဗရီကို့စ် ကစားသမားအား အသင်း၏ ကွင်းလယ် ခံစစ် နေရာအတွက် အဓိက ပစ်မှတ် ထားနေခြင်း ဖြစ်ပြီး ဘာစီလိုနာ အသင်း အနေဖြင့်မူ ထို ကစားသမား အတွက် ယူရို သန်း ၃၀မှ ၃၅သန်း အတွင်း အလိုရှိ နေသည်ဟုလည်း သိရသည်။ တိုရေးလ်သည် အသင်းတွင် ပုံမှန် နေရာ မရရှိခြင်းကြောင့် အသင်း ပြောင်းရွှေ့ လိုနေသည့် ကစားသမား ဖြစ်ပြီး ပရီးမီးယားလိဂ်တွင် ကစားလိုသည်ဟု ဖွင့်ဟ ပြောကြား ထားခဲ့ဖူးသူလည်း ဖြစ်သည်။ ၎င်းအား အာဆင်နယ်၊ မန်စီးတီး အသင်းတို့ကလည်း စိတ်ဝင်စား နေကြပြီး ယခု အခါ မန်ယူ အသင်းကပါ ခေါ်ယူရန် ကြိုးပမ်း လာခဲ့ခြင်း ဖြစ်သည်။

## ရန်ကုန် ယူနိုက်တက် အသင်းသည် ပြီးခဲ့သည့် ဉဿာ ယူနိုက်တက်နှင့် ပွဲစဉ်တွင် တာဝန်ယူ ကိုင်တွယ်ခဲ့သော ကွင်းလယ် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် များနှင့် ပတ်သက်၍ မေလ ၂၄ရက်နေ့က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံ ကန့်ကွက်စာ တင်သွင်း ခဲ့ကြောင်း သိရသည်

ရန်ကုန် ယူနိုက်တက် အသင်းသည် ဒိုင်ဖြစ်သူ ဦးဝင်းထွဋ်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ အသင်းပိုင် ဝက်ဘ်ဆိုက်၌ ဝေဖန်မှုများ ပြုလုပ်ခဲ့ပြီး "ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက် အမှားများနှင့် Professional မပီသခြင်း တို့အား ဤပွဲစဉ်ကို ကြည့်ရှုနေသော ဘောလုံးအကြောင်း နားလည်သူတိုင်း သိရှိပါသည်။ ထိုကဲ့သို့ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် အမှားများသည်မြန်မာ ဘောလုံးလောက တိုးတက်ရေး အတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်း ကြိုးပမ်းနေသော YUFC အသင်းကြီး အတွက် အဟန့်အတား တစ်ခု ဖြစ်စေပါသည်" ဟု ဖော်ပြ ထားသည်။ ထို့ပြင် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်သည် သိုက်သိုက်ဝန်းဝန်း၊ ယဉ်ယဉ်ကျေးကျေး၊တည်တည်ငြိမ်ငြိမ်အားပေးကြသည့်ပရိသတ်များအားဆူပူအောင် လုပ်နေသကဲ့သို့ ဖြစ်ကြောင်း၊ မြန်မာဘောလုံး လောက တိုးတက်ရေး အတွက် နောင့်နှေးစေကြောင်း၊ ထို့ကြောင့် ရန်ကုန် ယူနိုက်တက် အသင်း အနေဖြင့် ကန့်ကွက်စာ တင်သွင်းရခြင်း ဖြစ်ကြောင်းလည်း ရှင်းလင်း ဖော်ပြ ထားသည်ကို တွေ့ရသည်။ရန်ကုန် ယူနိုက်တက် အသင်း ဥက္ကဌ ဦးပြည့်ဖြိုးတေဇ ကလည်း ၎င်းတို့ အသင်း အနေဖြင့် ဒိုင်ဖြစ်သူ များ၏ ဆုံးဖြတ်ချက် များနှင့် ပတ်သက်၍ နစ်နာခဲ့ပေါင်းများပြီဟု ပြောကြား ခဲ့ပြီး ၎င်းတို့၏ ကန့်ကွက်စာ များကိုလည်း အရေးတယူ ဆောင်ရွက် ပေးခဲ့ခြင်း မရှိကြောင်း ဖွင့်ဟခဲ့သည်။ "ငွေသန်းပေါင်း များစွာ အကုန် အကျခံပြီး ငွေအင်အား လူအင်အား အလုံး အရင်း ဖြင့် မြန်မာ့ ဘောလုံးလောက တိုးတက်စေရန် တတပ်တအား ကြိုးပမ်း နေပါသဖြင့် ယခု ကန့်ကွက်စာကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ် အနေဖြင့် အရေးတယူ စဉ်းစားဆောင်ရွက် ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဒိုင်လူကြီး၏ အမှားများကို သိသိသာသာ တွေ့မြင်နေ ရပါလျက်နှင့် အရေးယူမှု တစ်စုံတစ်ရာ မရှိခဲ့ပါက မိမိတို့အနေဖြင့် ဘောလုံးအသင်းအားဆက်လက်တာဝန် ယူနိုင်မည် မဟုတ် တော့ကြောင်း" စသဖြင့် အသင်းပိုင် ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

## ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပယ်နယ်တီကန်သွင်းမှုနှင့်ပတ်သက်၍ စည်းမျဉ်းသစ်တစ်ခု ထုတ်ပြန်ကြေညာ

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့ (IFAB) တို့သည် တောင်အာဖရိကနိုင်ငံတွင် ဇွန်လ ၁၁ ရက်နေ့မှ ဇူလိုင် လ ၁၁ ရက်နေ့အထိ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပယ်နယ်တီကန်သွင်းမှုနှင့် ပတ်သက်၍ စည်း မျဉ်းသစ်တစ်ခုကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ အဆိုပါ စည်းမျဉ်းသစ်အရ ပြိုင်ပွဲဝင်အသင်းများမှ ပယ်နယ်တီကန်သွင်းမည့် ဘောလုံးသမားများသည် ပယ်နယ်တီမကန်မီအချိန်တွင် ပြိုင်ဘက်အသင်းမှ ဂိုးသမားကို အနှောင့်အယှက်ဖြစ်စေသည့် အပြုအမူမျိုး ပြုလုပ်ခြင်း၊ ဘောလုံးကို ကန်ရန်ပြေးလာရာမှ ရုတ်တရက် ရပ်တန့်၍ ပြိုင်ဘက်ဂိုးသမား ဟန်ချက်ပျက်သည့်အချိန်မှ ကန်သွင်းခြင်း စသည်အပြုအမူတို့ကို ပြုလုပ်ခွင့်ရှိတော့မည်မဟုတ်ကြောင်းသိရသည်။အကယ်၍ ယင်းကဲ့သို့ အပြုအမူမျိုး ပြုလုပ်မည်ဆိုပါက အားကစားသမား မပီသသည့်အပြုအမူဟု သတ်မှတ်ကာ ပင်နယ်တီကန်သွင်းသည့် အားကစားသမားကို အဝါကတ်ပြ၍ သတိပေးခြင်းခံရမည် ဖြစ်ကြောင်း သိရသည်။ယင်းစည်းမျဉ်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်များကို အရန်ဒိုင်လူကြီးမှစောင့်ကြည့်၍ ဆုံးဖြတ်ချက်များ ချမှတ်သွားရမည်ဖြစ်ပြီး အဆိုပါ ပင်နယ်တီကန်သွင်းခြင်းဆိုင်ရာ စည်းမျဉ်းသစ်မှာ လာမည့် ဇွန်လ ၁ ရက်နေ့တွင် စတင်အကျုံးဝင်မည် ဖြစ်ကြောင်းသိရပြီး ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပွဲစဉ်များတွင်လည်း သက်ရောက်မှုရှိမည်ဖြစ်ကြောင်း သိရသည်။

# အနုပညာ

## အလွယ်တကူသေမသွားတဲ့သစ်ပင်စိုက်ချင်တဲ့ ရဲတိုက်

မေး- ကိုရဲတိုက် အခု ဘာဇာတ်ကားတွေရိုက်နေပါသလဲ။

ဖြေ- ဦးမျိုးမင်းနဲ့ "အနမ်းနဲ့ထိရင်ကြွေ" ဆိုတဲ့ ပျော်စရာဇာတ်ကားလေး ရိုက်နေပါတယ်။ "လက်နဲ့ထိရင်ရွှေ" ဇာန်ကားနဲ့တော့ Trend ချင်တူတယ်။ တချို့ဇာတ်ကောင်တွေလည်း ပြန်ပါတာမျိုးရှိတော့ ကျွန်တော်ဆို "လက်နဲ့ထိရင်ရွှေ"ဇာတ်ကားထဲက "ရန်နိုင်"ဆိုတဲ့ ဇာတ်ကောင်အတိုင်းပဲ ပြန်ပါဝင်ထားပါတယ်။ ဆရာဝန်ဇာတ်ကောင်တော့မဟုတ်ဘူး။ ဇာတ်လမ်းအဆက်မဟုတ်ဘဲ သူ့ရဲ့စိတ်နေသဘောထား၊ သူ့ရဲ့ပျော်ရွှင်တက်ကြွမှု၊ လွတ်လပ်တဲ့ဖန်စီဖြစ်တဲ့စိတ်ဓာတ်မျိုးကိုပဲ ပြန်ယူထားတာပေါ့။

မေး- လွန်ခဲ့တဲ့နှစ်လအတွင်းမှာ ရာသီဥတုက အရမ်းပူခဲ့တော့ အဲဒီအချိန်မှာ ရှုတင်တွေထွက်ရိုက်ရတာ စိတ်ပင်ပန်းမှုမျိုးရှိခဲ့ပါသလား။

ဖြေ- ဟုတ်ကဲ့။ အရမ်းပူတဲ့အချိန် အန္တရာယ်ရှိနိုင်တဲ့အနေအထားမျိုးမှာ အလုပ်လုပ်ခဲ့ရတော့ စိတ်ခံစားမှုတွေကအများကြီးပဲ။ ပူတဲ့အတွက် အလုပ်လုပ်တဲ့သူတွေရဲ့ အာရုံစိုက်မှုကို အပြည့်အဝမရနိုင်တော့တာကတစ်ကြောင်း၊ ကိုကိုယ်တိုင်လည်း အပြည့်အဝအားမထုတ်နိုင်မှာတစ်ကြောင်း၊ နောက် ကြည့်ရတဲ့ပရိသတ်အတွက် ကိုယ့်ဘက်ကလျော့သွားမှာ အားနာဖို့ကောင်းတယ်။

မေး- နွေအပူကြောင့် ရိုက်နေရင်း စိတ်ပင်ပန်းမှုတွေကို အာရုံဘယ်လိုပြောင်းဖြစ်ပါသလဲ။

ဖြေ- စိတ်ကို အတတ်နိုင်ဆုံး ပျော်အောင်နေလိုက်တယ်။ ကိုယ်တွေက သူ့ကို ညှင်းပန်းနှိပ်စက်ဖူးတာကိုး။ အဲဒီတော့ သူက ကိုယ့်ကို တစ်လှည့်တစ်ပြန်နှိပ်စက်တာကို ခံရတာပဲပေါ့။ (ရယ်လျက်)

မေး- တစ်သက်လုံးပျော်ချင်ရင် သစ်ပင်စိုက်ဆိုတဲ့စကားရှိတယ်လေ၊ ကိုယ်တိုင်ရော ဘယ်လိုသစ်ပင် မျိုးစိုက်ချင်လဲ။

ဖြေ- သစ်ပင်ကိုတော့ လူတိုင်းစိုက်ချင်ကြမယ်ထင်တယ်။ စိုက်ချင်စိတ်ရှိရဲ့နဲ့ ဘာလို့မစိုက်ကြတာလဲဆိုတော့ လူငယ်တစ်ယောက်အနေနဲ့ မိုက်ရူးရဲစိတ်ဓာတ်မျိုးကို အဲဒီနေရာမှာ အသုံးချသင့်တယ်။ ငါ့ဟာငါ သစ်ပင်စိုက်ချင်လို့စိုက်တယ်။ ဘာဖြစ်လဲ ဆိုတဲ့စိတ်မျိုးရှိရင်ကောင်းတယ်။ ကျွန်တော်ကိုယ်တိုင်ဆိုရင် အလွယ်တကူသေမသွားတဲ့သစ်ပင်စိုက်ချင်တယ်။

မေး- သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ဘယ်လိုလှုပ်ရှားမှုတွေမှာ ပါဝင်ဖြစ်ပါသလဲ။

ဖြေ- ဒီနှစ်ပိုင်းမှာ အဲဒီအကြောင်းအရာတွေက အရမ်းခေတ်စားလာတယ်။ ကျွန်တော်ဆိုရင် အနုပညာလှုပ်ရှားမှုအနေနဲ့ သဘာဝပတ်ဝန်းကျင်နဲ့ဆက်စပ်တဲ့ "သူ"ဇာတ်ကားရိုက်ခဲ့တယ်။ ဒါပေမဲ့ ခဏတဖြုတ်ဂယက်ထတဲ့အကြောင်းအရာတွေကို စိတ်မဝင်စားဖြစ်အောင်နေတယ်။ ကိုယ့်ရင်ထဲမှာ ရှိထားပြီးသား သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ခံစားချက်ကို ရင့်သန်အောင်ပဲနေတယ်။ တမင်မတည်ဆောက်ယူချင်ဘူး။

မေး- ကိုရဲတိုက်ရဲ့ စကားလုံးတွေအပေါ် "ယုံကြည်မှုလွန်ကဲတယ်" လို့ ဝေဖန်ကြတဲ့အပေါ် ကိုရဲတိုက်ဘက်က ဘာများပြောချင်ပါသလဲ။

ဖြေ- ကောင်းပါတယ်။ ဇာတ်ကားတွေကြည့်ပြီး အနုပညာအရည်အသွေးကို သုံးသပ်ကြသူတွေရှိသလို အင်တာဗျူးတွေကိုဖတ်ပြီး သဘောထားကို သုံးသပ်ကြသူတွေရှိတယ်။ ဒီလိုခွဲခြမ်းစိတ်ဖြာပြီး အပြစ်တင်လာနိုင်တာကောင်းတယ်။ ကျွန်တော်က လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပြောစရာရှိတာပြောမယ်။ သူများကို ပြောစရာရှိရင်လည်းပြောမယ်။ ကျွန်တော့်အဖြေတွေက သူတို့သဘောထားနဲ့ မတိုက်ဆိုင်တဲ့အခါ ပြတ်ပြတ်သားသားငြင်းပစ်လိုက်တာကို ကောင်းတဲ့လက္ခဏာလို့မြင်တယ်။ ကျွန်တော် လုပ်တဲ့အလုပ်မှာ အောင်မြင်ချင်တဲ့အတွက် Confidence ကို ဘာကြောင်းကြောင်းနဲ့မှ မလျှော့ချချင်ဘူး။ ကျွန်တော့်အလုပ်မှာ Confidence ပိုနေတာပြဿနာမရှိဘူး။ လိုနေတာကမှ ပြဿနာပါ။

(၂၀၁၀ခုနှစ် မေလ ၂၇ရက်နေ့ထုတ် 7 Day News ဂျာနယ်)

## တကယ်ဆိုရင် အချစ်ပဲလိုတယ်ကို ပေါက်မယ်လို့ ထင်မထားခဲ့တဲ့ ချမ်းချမ်း

မော်ဒယ်လ်နဲ့စခဲ့ပေမယ့် သီချင်းဆိုမှုအပိုင်းမှာ ပိုအောင်မြင်လာတဲ့ ချမ်းချမ်းကို သူမရဲ့"တကယ်ဆိုအချစ်ပဲလိုတယ်" စီးရီးအခြေအနေကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

"တကယ်ဆိုအချစ်ပဲလိုတယ်တေးစီးရီက ထင်မထားလောက်အောင် အောင်မြင်မှုရပါတယ်။ အမှန်တိုင်းပြောရရင် ညီမက အရမ်းကြီးအောင်မြင်မယ်လို့တောင် ထင်မထားပါဘူး။ ခုဈေးကွက်အခြေအနေကလည်းမကောင်းတော့ ငါ့ခွေကလည်း ပုံမှန်လောက်ပဲ လည်ပတ်မှာပဲလို့ ထင်ထားတာပေါ့။ ဒါပေမယ့် ခွေဖြန့်ပြီးလို့မကြာခင်မှာပဲ ထင်မထားလောက်အောင် ပရိသတ်က အားပေးကြပါတယ်။ ဒီတော့ ညီမကပိုအားရှိတာပေါ့။ နောက်ခွေတွေဆက်လုပ်ဖို့ တက်ကြွလာပါတယ်။ ခုချိန်မှာ ညီမစိတ်ထဲမှာ ဂီတကို ပိုဝါသနာပါတယ်။ ဂီတကလည်း အကျိုးပေးတယ်ထင်တာပါပဲ။ အခုဒီခွေက အန်တီမေသော်ရဲ့ သီချင်းဟောင်းတွေကို ပြန်ဆိုထားတာလေ။ နောက်ခွေကျရင် သီချင်းအသစ်လေးတွေ တစ်မျိုးဆန်းအောင်ပေးမယ်လို့ စိတ်ကူးထားပါတယ်" ဆိုပြီး ချမ်းချမ်းကရှင်းပြလာခဲ့ပါတယ်။

(၂၀၁၀ခုနှစ် မေလ ၃၀ရက်နေ့ထုတ် 24/7 News ဂျာနယ်)